技能実習生手帳

အလုပ်သင် လက်စွဲ

ミャンマー語版
(မြန်မာပြန်)

外国人技能実習機構
နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်း
ကြီးကြပ်ရေးကော်မတီ
OTIT

နိုင်ငံခြားသား နည်းပညာအလုပ်သင်တန်း ကြီးကြပ်ရေးကော်မတီ မိခင်ဘာသာစကားဖြင့် တိုင်ပင်ဆွေးနွေးပေးသည့် Hotline

- လုပ်ငန်းခွင်နှင့် နေ့စဉ်နေထိုင်မှုဘဝတွင် စိုးရိမ်ပူပန်မှုများနှင့် မလုံခြုံမှုများ ခံစားရချိန်
- လုပ်ခလစာနှင့် အချိန်ပိုလုပ်ခြင်း စသည်တို့နှင့် ပတ်သက်၍ လေ့ကျင့်ရေးနေရာတွင် ချိုးဖောက်မှုများရှိသည်ဟု ခံစားရချိန်
- မပြန်ချင်ပေမဲ့ မိမိနိုင်ငံသို့ ပြန်နိုင်းခံရတော့မည့်အချိန်
- ဂျပန်နိုင်ငံ၏ ဥပဒေ၊ စနစ်အသီးသီး နှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးပေးသည့်နေရာ မသိပါက စသည်

တိုဗျပဗျဆုံးနေးပဗးမည္ဘဝနျထမျးမှလူကွီးမဗျးတို့၏မိခဗျ ဘာသာစကားဖွဗျဝနျဆဟောဗျမှပဗေါမည်။ (11:00 နာရီ မှ 07:00 နာရီအထိ အခမဲ့)

ဗီယက်နမ်ဘာသာစကား	အပတ်စဉ်- တနလ်ာမှ သောကြာ	TEL: 0120-250-168
တရုတ်ဘာသာစကား	အပတ်စဉ်- တနလ်ာ၊ ဗုဒ္ဓဟူး၊ သောကြာ	TEL: 0120-250-169
အင်ဒိုနီးရှားဘာသာစကား	အပတ်စဉ်- အင်္ဂါ၊ ကြာသပတေး	TEL: 0120-250-192
ဖိလစ်ပိုင်ဘာသာစကား	အပတ်စဉ်- အင်္ဂါ၊ စနေ	TEL: 0120-250-197
အင်္ဂလိပ်ဘာသာစကား	အပတ်စဉ်- အင်္ဂါ၊ စနေ	TEL: 0120-250-147
ထိုင်းဘာသာစကား	အပတ်စဉ်- ကြာသပတေး၊ စနေ	TEL: 0120-250-198
ကမ္ဘာ့ဒီးယားဘာသာစကား	အပတ်စဉ်- ကြာသပတေး	TEL: 0120-250-366
မြန်မာဘာသာစကား	အပတ်စဉ်- သောကြာ	TEL: 0120-250-302

အသေးစိတ်ကို 30 စာမျက်နှာ၊ နိုင်ငံခြားသား နည်းပညာအလုပ်သင်တန်း ကြီးကြပ်ရေးကော်မတီ HP (https://www.otit.go.jp) တွင် ကြည့်ပါ။ ထို့နောက် နောက်ဆုံးစာမျက်နှာရှိ မိခင်ဘာသာစကားဖြင့် တိုင်ပင်ဆွေးနွေးပေးသည့် Hotline ၏လမ်းညွှန် ကို အစက်ချထားသည့်ချဉ်းအတိုင်းဖြတ်ယူပြီး အိတ်အသေးစသည်တို့တွင် ထည့်ထားပါ။

< မိခင်ဘာသာစကားဖြင့် တိုင်ပင်ဆွေးနွေးပေးသည့် ဝက်ဘ်ဆိုက် >

နိုင်ငံခြားသား နေထိုင်ရေးအထွေထွေ သတင်းအချက်အလက်စင်တာ

လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေးရန် အောက်ပါတို့ကို အသုံးပြုပါ။

ဖုန်း-	0570-013904
	03-5796-7112 (IP. PHS. ပြည်ပမှခေါ်ဆိုလျှင်)
ဝန်ဆောင်မှုပေးသည့်ဘာသာစကား -	ဂျပန်၊ အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယား၊ စပိန်၊ ပေါ်တူဂီ
အီးမေးလ် -	info-tokyo@i.moj.go.jp
အပတ်စဉ်-	တနလ်ာမှ သောကြာ 8:30～17:15

外国人技能実習機構　母国語相談ホットライン

・仕事上や日常生活で悩みや不安を感じたとき
・賃金や時間外労働等について実習先で違反があると感じたとき
・意に反して帰国させられそうなとき
・日本の法律、各種制度に関して相談先が分からないとき　など

相談員がみなさんの母国語で対応します！（11:00～19:00　無料）

ベトナム語	毎週：月～金	TEL：0120-250-168
中国語	毎週：月・水・金	TEL：0120-250-169
インドネシア語	毎週：火・木	TEL：0120-250-192
フィリピン語	毎週：火・土	TEL：0120-250-197
英語	毎週：火・土	TEL：0120-250-147
タイ語	毎週：木・土	TEL：0120-250-198
カンボジア語	毎週：木	TEL：0120-250-366
ミャンマー語	毎週：金	TEL：0120-250-302

詳しくは31ページ、外国人技能実習機構HP（https://www.otit.go.jp）を見てください。また、最終ページの母国語相談ホットラインの案内を、点線に沿って切り取って、パスケース等に入れておいてください。

＜母国語相談サイト＞

外国人在留総合インフォメーションセンター

入国在留手続に関する相談は、下記をご利用ください。

電話：　0570-013904
　　03-5796-7112（IP・PHS・海外から）
対応言語：日本語、英語、中国語、韓国語、スペイン語、ポルトガル語
Eメール：info-tokyo@i.moj.go.jp
毎週：　月～金　8:30～ 17:15

技能実習生手帳（ミャンマー語版）
အလုပ်သင် လက်စွဲ (မြန်မာပြန်)

所有者（技能実習生氏名）／ ပိုင်ရှင်(အလုပ်သင်အမည်)

氏名／ ပိုင်ရှင်အမည်

監理団体／ စီမံကွပ်ကဲရေးအဖွဲ့

名称・住所・連絡先／ အမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်လိပ်စာ

《相談員》氏名・連絡先／ (အတိုင်ပင်ခံ) အမည်၊ ဆက်သွယ်ရန်လိပ်စာ

実習実施者／ အလုပ်သင်တန်းဌာန

名称・住所・連絡先／အမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်လိပ်စာ

《相談員》氏名・連絡先／(အတိုင်ပင်ခံ) အမည်၊ ဆက်သွယ်ရန်လိပ်စာ

外国人技能実習機構（OTIT）HP　(https://www.otit.go.jp/)
နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်း ကြီးကြပ်ရေးကော်မတီ
(OTIT) HP (https://www.otit.go.jp/)

မာတိကာ

1. နိဒါန်း....8
2. နိုင်ငံခြားသား အလုပ်သင်စနစ် 8
3. နောက်ဆက်တွဲစုံစမ်းစစ်ဆေးရန် 12
4. နည်းပညာလေ့ကျင့်ရေးဥပဒေနှင့်ပတ်သက်၍....14
5. နိုင်ငံခြားသား နည်းပညာအလုပ်သင်တန်း ကြီးကြပ်ရေး ကော်မတီဆိုသည်မှာ 16
6. အလုပ်သင်၏တာဝန်ဝတ္တရားနှင့်ပတ်သက်၍....18
7. နိုင်ငံမဟင်မီပို့လွှတ်သည့်အဖွဲ့အစည်းစသည်တို့
အားပေးဆောင်ရမည့်ကုန်ကျစရိတ်နှင့် ပတ်သက်၍ 18
(စီမံကြီးကြပ်သည့်အဖွဲ့နှင့်ပို့လွှတ်သည့်အဖွဲ့အကြားတွင်မသင့်တော်သည့်လုပ်
ဆောင်မှုများနှင့်ပတ်သက်၍)
8. အလုပ်သင်တန်းအတွက် စောင့်ထိန်းရမည့် ကိုယ်နှုတ်အမူအရာများ....20
9. ဥပဒေဆိုင်ရာ အကျိုးခံစားခွင့်များ 22
10. နိုင်ငံခြားသား မှတ်ပုံတင်ကတ် 26
11. အလုပ်သင်တန်း ဆက်လက်လုပ်ဆောင်ရန် ခက်ခဲခြင်း....28
12. အလုပ်သင်တန်းအတွင်းတွင် လက်ထပ်ခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်းစသည့်
အခြေအနေမျိုးတွင 28
13. နိုင်ငံခြားသားနည်းပညာအလုပ်သင်တန်းကြီးကြပ်ရေးကော်မတီတွင်ဆွေးနွေးခြင်း
【မိခင်ဘာသာစကားဖြင့်ဆွေးနွေး】....30
14. အလုပ်သင်မှ ပေးပို့နိုင်သော "တိုင်ကြားစာ"....34
(1) နည်းပညာလေ့ကျင့်ရေးဥပဒေကြောင်းအရ တိုင်ကြားစာ....34
(2) အလုပ်သမားစံနှုန်းဥပဒေ စသည်တို့ အရ တိုင်ကြားခြင်း....36
15. အလုပ်သမားဆိုင်ရာဥပဒေနှင့်ပတ်သက်၍....38
(1) အလုပ်သမားသဘောတူစာချုပ်....38
(2) အလုပ်ချိန်နားချိန်နှင့် အလုပ်ပိတ်ရက် 40
(3) နှစ်စဉ် လုပ်သက်ခွင့်....42
(4) လစာငွေ 42
16. လူမှုဖူလုံရေး အာမခံ....46
(1) လူမှုဖူလုံရေးအာမခံ အမျိုးအစားနှင့် အာမခံကြေး 46
(2) လူမှုဖူလုံရေးအာမခံ ခံစားခွင့်ရှိဝန်ထမ်း 46
(3) လူမှုဖူလုံရေးအာမခံကြေး 48
(4) အလုပ်ပင်စင်နှင့် အမျိုးသားပင်စင် နှုတ်ထွက်ကြေး ပြန်ပေးငွေ တောင်းခံပုံအဆင့်ဆင့် 48

目次

1．はじめに 9
2．外国人技能実習制度 9
3．フォローアップ調査 13
4．技能実習法について 15
5．外国人技能実習機構とは 17
6．技能実習生の責務について 19
7．入国前に送出機関等に支払う費用について 19
（監理団体と送出機関の不適切な関係について）
8．技能実習にあたっての心構え 21
9．法令の適用等 23
10. 在留カード 27
11. 技能実習を行うことが困難になった場合 29
12. 技能実習中に結婚・妊娠・出産などをした場合 29
13. 外国人技能実習機構における相談【母国語相談】....31
14. あなたがすることができる「申告」について....35
（1）技能実習法に基づく申告 35
（2）労働基準法等に基づく申告 37
15. 労働関係法令に関すること 39
（1）労働契約 39
（2）労働時間と休憩・休日 41
（3）年次有給休暇 43
（4）賃金 43
16. 社会保険....47
（1）社会保険の種類と給付 47
（2）社会保険の対象となる従業員 47
（3）社会保険料の額 49
（4）厚生年金、国民年金の脱退一時金の請求手続 49

17. အလုပ်သမားအာမခံ 50
(1) အလုပ်သမား နစ်နာကြေးအာမခံ 50
(2) အလုပ်အာမခံ 52
18. ဝင်ငွေခွန်နှင့် စည်ပင်ခွန် 52
19. ကျန်းမာရေး စစ်ဆေးခြင်း 56
20. အလုပ်သင်ကာလ လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှုမှ ကြိုတင်ကာကွယ်ခြင်း 56
21. ဂျပန်နိုင်ငံတွင်း နေထိုင်စားသောက်မှု 62
22. ကိုယ်ပိုင်နံပါတ်စနစ်၊ ကိုယ်ပိုင်နံပါတ်ကဒ 72
23. အမျိုးမျိုးသောဆွေးနွေးမှု ၊ အထောက်အကူပေးသည့်ကောင်တာ 76
၁။ အလုပ်သမားခံစားခွင့်အား ဆွေးနွေးတိုင်ပင်ခြင်း(တိုင်းနှင့်ပြည်နယ်သီးသီးရှိ
အလုပ်သမားရေးရာဌာနနှင့် အလုပ်သမားစံချိန်စံညွှန်းကြီးကြပ်ရေးဌာန) 78
၂။ ဂျပန်နိုင်ငံ ပြည်ဝင်ခွင့်ဗီဇာ စုံစမ်းရေးကော်နာ 84
၃။ အထွေထွေအတိုင်ပင်ခံရုံး 84

ကိုးကားစာရွက်စာတမ်း

1. စုံစမ်းရေးဌာနများ
ဇယား 1- ကော်မတီရုံးဌာန 92
ဇယား 2- အထွေထွေ အလုပ်သမားများ လက်ခံဆွေးနွေးရေးကော်နာ 94
ဇယား 3- နိုင်ငံခြားသား အလုပ်သမားများအတွက် ဆွေးနွေးရေးကော်နာ 98
ဇယား 4- လူဝင်မှုကြီးကြပ်ရေးဌာန 106
ဇယား 5- နိုင်ငံအသီးသီး၏ သံရုံးနှင့် ကောင်စစ်ဝန်ရုံးများ 108
2. အလုပ်သင်များအတွက် အလုပ်သမားခံစားခွင့် အချက်အလက် 112
3. အလုပ်သမားနစ်နာကြေးအာမခံပေးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့် 120
4. အလုပ်အာမခံ(အခြေခံခံစားခွင့်) လက်ခံယူရန်လုပ်ငန်းစဉ်အဆင့်ဆင့် 124
5. ဆေးကုသမှုဌာနသို့ မိမိမှတင်ပြသည့်အချက်အလက် ၊ အထောက်အကူပြုမေးခွန်းလွှာ 126
6. အရေးပေါ်သုံး ဂျပန်ဘာသာစကား 134
7. ဂျပန်မြေပုံ 136
8. တိုင်းနှင့်ပြည်နယ်အမည်များ 137

17. 労働保険 51
（1）労災保険 51
（2）雇用保険 53
18. 所得税・住民税 53
19. 健康診断 57
20. 技能実習中の労働災害防止 57
21. 日本での生活 63
22. マイナンバー制度・マイナンバーカード 73
23. 各種相談・支援窓口 77
① 労働条件等の相談（都道府県労働局及び労働基準監督署） 79
② 入国在留手続に関する相談窓口 85
③ その他各種相談窓口 85

参考資料

1．相談窓口所在一覧
表１：外国人技能実習機構 93
表２：総合労働相談コーナー 95
表３：外国人労働者相談コーナー 99
表４：出入国在留管理局 107
表５：各国大使館・領事館 109
2．技能実習のための雇用条件書 112
3．労災保険給付手続の流れ 121
4．雇用保険（基本手当）受給手続の流れ 125
5．医療機関への自己申告表・補助問診票 127
6．緊急時に使う日本語 135
7．日本地図 136
8．都道府県名 137

1. နိဒါန်း

ဤအလုပ်သင်လက်စွဲသည် သင်တန်းသားများအနေဖြင့် ဂျပန်နိုင်ငံ သင်တန်းသားဘဝကို အခက်အခဲမရှိ ကျန်းမာပျော်ရွှင်စွာ ဖြတ်သန်းနိုင်ရန်အတွက် အထောက်အကူပြုမည့် အချက်အလက်များကို စုစည်းတင်ပြထားသည့် စာဆောင်တစ်ခု ဖြစ်သည်။

အလုပ်သင်တန်းသား တစ်ယောက်ဖြစ်လာပါက အလုပ်ခန့်ထားရေးသဘောတူစာချုပ်ပါ အချက်အလက်များ အတိုင်း ဂျပန်နိုင်ငံသို့ သွားရောက်၍ နည်းပညာနှင့် အသိပညာ၊ အတတ်ပညာများကို (နောက်ပိုင်း တွင် အထွေထွေနည်းပညာဟု ရေးသား ဖော်ပြသွား မည်) လေ့ကျင့်သင်ကြား ကြရပြီး၊ သင်တန်းကာလ အတွင်း ဂျပန်နိုင်ငံ၏ စည်းကမ်းဥပဒေများကို လိုက်နာကြရမည်။ ယင်းစည်းကမ်းဥပဒေများအနက် သင်တန်းသားများအတွက် အလွန်အရေးပါမည်ဟု ယူဆသော ဥပဒေစည်းမျဉ်း စည်းကမ်းနှင့် ဂျပန်နိုင်ငံ လူနေမှုဘဝတွက် မဖြစ်မနေ သိရှိထားသင့်သည့် အချက်အလက်များကို ဤလက်စွဲစာအုပ်တွင် ထည့်သွင်းဖော်ပြထားသည်။

ဤလက်စွဲစာအုပ်ကို အကျိုးရှိရှိအသုံးချခြင်းဖြင့် ဂျပန်နိုင်ငံ သင်တန်းကာလကို အဓိပ္ပာယ်ရှိရှိ ကောင်းမွန်စွာ ဖြတ်သန်းနိုင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။

2. နိုင်ငံခြားသား အလုပ်သင်စနစ်

"နိုင်ငံခြားသား အလုပ်သင်စနစ်" ဆိုသည်မှာ နိုင်ငံတကာမှ အလုပ်သမားများအား ဂျပန်နိုင်ငံသို့ ခေါ်ယူ၍ ဂျပန်နိုင်ငံ၏ စက်မှု လက်မှု နည်းပညာများ လာရောက် လေ့လာသင်ယူစေပြီးနောက်၊ အမိနိုင်ငံသို့ ပြန်ပြီး ဂျပန်နိုင်ငံမှ လေ့လာသင်ယူခဲ့သော အသိ ပညာ၊ အတတ်ပညာများ ပြန်လည်အသုံးချ၍ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ အားဖြည့်ကူညီ ဆောင်ရွက်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် ရေးဆွဲပြဋ္ဌာန်းထားခြင်းဖြစ်သည်။

သင်တန်းသားများအနေဖြင့် အလုပ်သင်တန်းဌာနမှ ကြိုတင်ရေးဆွဲပေးထားသော အလုပ်သင်ပရိုဂရမ် အစီအစဉ်အတိုင်း လေ့ကျင့်သင်ယူကြရမည်။ ထို့အပြင် သင်တန်းပရိုဂရမ် အောင်မြင်စွာ ပြီးဆုံးနိုင်ရန်အတွက် နေ့စဉ် ပြုလုပ်သင့်သည့် အချက်များကို လေးလေးနက်နက် စဉ်းစားတွေးခေါ်၍ အစီအစဉ်တကျ လေ့ကျင့်သင်ယူသွားကြရမည်။



1. はじめに

この技能実習生手帳は、技能実習生のみなさんが、日本において、健康で充実した技能実習生活を過ごすことができるように、あなたの役に立つ情報をまとめたものです。

技能実習生になったあなたは、日本国内で雇用契約のもとで様々な技能、技術又は知識（以下「技能等」という。）を身につけることとなります。この間あなたには、多くの日本の法律がかかわってきます。この手帳には、そういったあなたに関係する法律の中で、特に大切と思われるものや、日本で生活するに当たって、知っておかなくてはならないことが記載されています。

この手帳を十分に活用して、これからの日本での生活があなたにとって有意義ですばらしいものとなることを祈っています。

2. 外国人技能実習制度

「外国人技能実習制度」は、諸外国の労働者に日本の産業等に関する技能等を修得してもらい、帰国後に修得した技能等を生かして、自国の産業の発展に活躍してもらうことを目的としているものです。

あなたの技能実習は、あらかじめ実習実施者で作成された技能実習計画に基づいて実施されます。あなたは、その計画に従って目標とする技能等を身につけるために、毎日何をすればいいか、しっかり考えながら技能実習に取り組みましょう。



* ဖြေဆိုရမည့် နည်းပညာ အရည်အချင်းစစ်စာမေးပွဲ
- အလုပ်သင်တန်း ကာလအတွင်း ဝင်ရောက် ဖြေဆိုရမည့် နည်းပညာအရည်အချင်းစစ်စာမေးပွဲ အမျိုးအစားများဖြစ်သည်။

အလုပ်သင်	ဖြေဆိုရမည့် နည်းပညာအရည်အချင်းစစ်စာမေးပွဲ	လိုအပ်သည့် နည်းပညာ အရည်အချင်းအဆင့်အတန်း
အဆင့် 1	နည်းပညာ အရည်အချင်းစစ်စာမေးပွဲ အခြေခံအဆင့် (အလုပ်သင်စာမေးပွဲ အခြေခံအဆင့်)	အခြေခံ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် မဖြစ်မနေ လိုအပ်သည့် နည်း ပညာအရည်အချင်း
အဆင့် 2	နည်းပညာ အရည်အချင်းစစ်စာမေးပွဲ အဆင့် 3 (အလုပ်သင်စာမေးပွဲ ပညာရင်းအဆင့်)	အခြေခံအဆင့ အလုပ်သင်တစ်ယောက်တွင် ရရှိမည့် နည်းပညာ အရည်အချင်း
အဆင့် 3	နည်းပညာ အရည်အချင်းစစ်စာမေးပွဲ အဆင့် 2 (အလုပ်သင်စာမေးပွဲ အဆင့်မြင့်)	အလယ်တန်းအဆင့် အလုပ်သင်တစ်ယောက်တွင်ရရှိမည့် နည်းပညာအရည် အချင်း၊ အသိပညာ

အလုပ်သင် အဆင့် ၂နှင့် အဆင့် ၃ ဆက်လက်တက်ရောက်ရန်အတွက် ရှေ့တဆင့်တွင် သတ်မှတ်ထားသော အရည်အချင်းစစ် စာမေးပွဲ အသီးသီး ဖြေဆိုအောင်မြင်ရမည်။ အရည်အချင်းစစ်စာမေးပွဲ မအောင်မြင်သူများအနေဖြင့် နောက်ထပ် တစ်ကြိမ် ထပ်မံ ဖြေဆိုခွင့် ရှိသည်အတွက် အလုပ်ခွင်တွင် ဝန်ထမ်းမှန်မှန် လေ့လာသင်ယူကြပါ။

(1) အလုပ်သင် ပထမနှစ် "အလုပ်သင်တန်းသား အဆင့် ၁"

အလုပ်သင်တန်းသား အဆင့် ၁ များအနေဖြင့် ဂျပန်နိုင်ငံသို့ ရောက်ရှိပါက အရင်ဦးဆုံး စုပေါင်းသင်တန်းသို့ တက်ရောက်၍ ဂျပန်နိုင်ငံ အလုပ်သင်တန်းအတွက် မဖြစ်မနေ လိုအပ်သော ပညာရပ်များ လေ့လာသင်ယူ ကြရမည်။

စုပေါင်းသင်တန်းတွင် လေ့လာသင်ယူကြရမည့် အကြောင်းအရာများမှာ အောက်ပါအတိုင်းဖြစ်သည်။

- ဂျပန်စာ
- ဂျပန်နိုင်ငံ လူမှုပတ်ဝန်းကျင်ဆိုင်ရာ အသိပညာ
- အလုပ်သင်တန်းကာလအတွင်း လိုက်နာရမည့် ဥပဒေ စည်းမျဉ်းစည်းကမ်းများ
- ကျွမ်းကျင်ရန် လိုအပ်သော လုပ်ငန်းခွင် အသိပညာ

စုပေါင်းသင်တန်းပြီးဆုံးပြီးနောက် အလုပ်သင်ဌာနနှင့် ချုပ်ဆိုထားသော အလုပ်ခန့်ထားရေးသဘောတူစာချုပ်ပါ အချက်အလက်များ အတိုင်း လေ့ကျင်သင်ယူကြရမည်။

အလုပ်သင်တန်းသား အဆင့် ၂သို့ ဆက်လက်တက်ရောက်လိုပါက နည်းပညာ အရည်အချင်းစစ်စာမေးပွဲ (အလုပ်သင် စာမေးပွဲ) စာတွေ့လက်တွေ့ ဖြေဆိုရပြီး၊ အခြေခံအဆင့် (သို့မဟုတ် ပထမအဆင့်) အောင်မြင်ရမည်။

(2) အလုပ်သင် ဒုတိယနှစ်နှင့် တတိယနှစ် "အလုပ်သင်တန်းသား အဆင့် ၂"

အလုပ်သင်တန်းသား အဆင့်၁ကာလတွင် လေ့လာသင်ယူခဲ့သော နည်းပညာများ ပိုမိုကျွမ်းကျင်မှု (သိရှိမှတ်မိအောင်) ရှိရန်အတွက် အခြေခံသဘောတရားအနေဖြင့် လက်ရှိအလုပ်သင်ဌာနတွင် ဆက်လက်၍ အလုပ်သင်တန်းသား အဆင့်၂ကို လေ့ကျင့်သင်ယူကြရမည်။

အလုပ်သင်တန်းသားအဆင့်၂ သင်တန်းကာလ ပြီးဆုံးချိန်တွင် နည်းပညာ အရည်အချင်းစစ်စာမေးပွဲ အဆင့် ၃ (သို့မဟုတ် အလုပ်သင် စာမေးပွဲ ပညာရင်းအဆင့်)လက်တွေ့ ဖြေဆိုအောင်မြင်ရန် လိုအပ်သည်။

(3) အလုပ်သင် စတုတ္ထနှစ်နှင့် ပဉ္စမနှစ် "အလုပ်သင်တန်းသား အဆင့် ၃"

အလုပ်သင်တန်းသား အဆင့်၃သို့ ရောက်ရှိချိန်တွင် အလုပ်သင်တန်းသား အဆင့်၂အထိ လေ့ကျင့်သင်ယူခဲ့သော နည်း ပညာများ ကျွမ်းကျင်အဆင့်သို့ ရောက်ရှိလာပြီ ဖြစ်သည်အတွက် ပိုမိုကောင်းမွန်သော စီမံကွပ်ကဲရေးအဖွဲ့အောက်ရှိ အလုပ်သင် ဌာနသို့ ပြောင်းရွှေ့၍ လေ့ကျင့်သင်ကြားနိုင်မည်။

အလုပ်သင် အဆင့် ၁မှ အဆင့် ၂သို့ ကူးပြောင်းစဉ် သတ်မှတ်ချက်အရ အလုပ်သင်ဌာန ကူးပြောင်းခွင့် မရှိဘဲ ယခင်နေရာ၌ပင် ဆက်လက်လေ့ကျင့်သင်ကြားရမည် ဖြစ်သော်လည်း၊ သင်တန်းသားအဆင့် ၃သို့ ကူးပြောင်းချိန်တွင်မူ အလုပ်သင်မှ မိမိ နှစ်သက်ရာ အလုပ်သင်ဌာနကို စိတ်ကြိုက် ရွေးချယ်ဆုံးဖြတ်နိုင်ခွင့် ရှိမည်ဖြစ်သည်။

အလုပ်သင်တန်းသား အဆင့်၃ သို့ရောက်ရှိပါက အလုပ်သင်တန်း အဆင့်၃ မစတင်ခင် သို့မဟုတ် အလုပ်သင်တန်း အဆင့်၃ စတင်ပြီးသည့်နေ့က် ၁နှစ်အတွင်း ၁လကျော် မိမိတိုင်းပြည်သို့ ခေတ္တခဏ ဆက်ဆက် ပြန်ရပါမည်။ အလုပျသဝေတနျးသားအဆဝျ ၃သိုရဓာကျရိုပါက ဂပြနျးနီဗျင် ၆ အမြားဆုံး ၅ နစျကွာဆကျတိုကျတာဝနျထမျးဆဓသဝျ ရမညျဖွဈသညျအတှကျမိမိတိုဗျးပွညျသိုဝေတ်တခဏပွနျပွီး မိသားစုနှဟှုနှဆုံဖိနှငျ့ဆကျသှယျရမညျနှညျးလမျးမကြားကို သခေါ်ပြနျလညျစစျဆေးထားပါ။

အလုပ်သင်တန်းသား အဆင့် ၃ ပြီးဆုံးချိန်တွင် နည်းပညာ အရည်အချင်းစစ်စာမေးပွဲ အဆင့် ၂ (အလုပ်သင် စာမေးပွဲ အဆင့်မြင့်) လက်တွေ့ ဖြေဆိုအောင်မြင်ရမည်။

အလုပ်သင်တန်းသား အဆင့်၃ အနေဖြင့် အလုပ်သင်ဌာန ကူးပြောင်းလိုပါက စီမံကွပ်ကဲရေးအဖွဲ့ထံ အလုပ်ပြောင်းလိုကြောင်း လျှောက်လွှာတင်ရမည်ဖြစ်ပြီး၊ နားမလည်သည့်ကိစ္စများရှိပါက ကော်မတီနှင့် မိခင်ဘာသာစကား တတ်ကျွမ်းသော အတိုင်ပင်ခံထံ ဆွေးနွေးတိုင်ပင်နိုင်ပါသည်။ ကော်မတီ၏ အင်တာနက်စာမျက်နှာတွင်လည်း လမ်းညွှန်ထားသည်အတွက် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

(4) "ကျွမ်းကျင်လုပ်သား အမှတ် ၁" သို့ ကူးပြောင်းခြင်း

အလုပ်သင်တန်းသား အဆင့် ၂ ကို ကောင်းမွန်စွာ ပြီးဆုံးခဲ့သည့် အလုပ်သင်အနေဖြင့် ကျွမ်းကျင်လုပ်သား အမှတ် ၁ သို့ ကူးပြောင်းရာတွင် ကျွမ်းကျင်မှု စာမေးပွဲနှင့် ဂျပန်ဘာသာ အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုခြင်း ကင်းလွတ်ခွင့်ပြုသည်။

ကျွမ်းကျင်လုပ်သား အမှတ် ၁ ဆိုသည်မှာ ၂၀၁၉ခုနှစ် ဧပြီလတွင် စတင်သည့် ဂျပန်တွင် အလုပ်လုပ်ကိုင်ရေး နေထိုင်ခွင့်ဝီဇာ တစ်မျိုး ဖြစ်သည်။

※目標

・各技能実習の段階で目標にする検定試験の種類です。

技能実習	目標とする検定試験	要求される技能・知識の水準
1号	技能検定基礎級 （又は技能実習評価試験初級）	基本的な業務を遂行するために必要な基礎的な技能・知識
2号	技能検定3級 （又は技能実習評価試験専門級）	初級の技能労働者が通常有すべき技能・知識
3号	技能検定2級 （又は技能実習評価試験上級）	中級の技能労働者が通常有すべき技能・知識

あなたが技能実習2号又は技能実習3号を行うためには、前段階の到達目標としてあらかじめ定めた検定試験に合格しなければなりません。試験に一度失敗しても、もう一度チャンスがあるので目標に向かって、日々、技能実習に取り組みましょう。

(1) 技能実習1年目　「技能実習1号」

技能実習1号においては、まず、入国後の講習があります。講習では日本で技能実習を行うために必要な知識を学んでいただきます。

具体的な講習の内容は、以下のとおりです。

・日本語
・日本での生活一般に関する知識
・技能実習を行う上で必要な法律の知識
・技能を修得する上で必要な知識

その後、実習実施者との雇用契約の下で技能等の修得を行います。

技能実習2号に移行する予定がある場合は、技能検定（又は技能実習評価試験）の実技試験と学科試験の受検が必須で、基礎級（又は初級）への合格を目標としなければなりません。

(2) 技能実習2年目、3年目　「技能実習2号」

技能実習２号においては、技能実習１号で修得した技能等をさらに習熟（身につける）するために、原則として同じ実習実施者において、引き続き技能等を修得します。

技能実習2号の修了時において、技能検定（又は技能実習評価試験）の実技試験の受検が必須で、3級（又は専門級）の実技試験への合格を目標としなければなりません。

(3) 技能実習4年目、5年目　「技能実習3号」

技能実習3号は、技能実習2号で身につけた技能等に熟達するための段階となり、優良な監理団体及び実習実施者のもとで技能実習を行うことになります。

技能実習1号から技能実習2号に移行する場合は、原則として同じ実習実施者のもとで技能実習を継続しなければなりませんが、技能実習3号に移行する場合は、技能実習2号までの実習実施者に限定されず、技能実習生自身が実習実施者を選ぶことが可能となります。

また、技能実習３号に移行する場合は、技能実習３号開始前、又は、技能実習３号開始後１年以内に必ず一か月以上帰国しなければなりません。技能実習3号に移行した際は、最長5年間母国から離れることになりますので、家族と会うなど母国とのつながりを再確認してください。

技能実習3号の修了時において、技能検定（又は技能実習評価試験）の実技試験の受検が必須で、2級（又は上級）への合格を目標としなければなりません。

技能実習３号において実習実施者を変更する場合は、監理団体に求職の手続を行うこととなりますが、分からないことがあれば、機構又は母国語相談に気軽に相談してください。また、機構のホームページでも案内していますので併せてチェックしてください。

(4)「特定技能1号」への移行

技能実習2号を良好に修了した技能実習生は、特定技能1号への移行にあたって、技能試験や日本語能力試験が免除されます。

特定技能1号とは、2019年4月に始まった日本で働くための在留資格の1つです。

3. နောက်ဆက်တွဲစုံစမ်းစစ်ဆေးရန်

နောက်ဆက်တွဲစုံစမ်းစစ်ဆေးရန်အတွက်ပူးပေါင်းဆောင်ရွက်ပေးပါ။

ကော်မတီသည် အလုပ်သင်ယူခြင်းပြီးမြောက်၍ နိုင်ငံသို့ပြန်မည့်အလုပ်သင်များအား နိုင်ငံသို့ပြန်ပြီးနောက် အလုပ်ဝင်သည့် အခြေအနေနှင့် ဂျပန်နိုင်ငံတွင် အလုပ်သင်ယူခြင်းဆိုင်ရာ အနေအထားများကို သိရှိနိုင်ရန် ရည်မှယ်ချက်ဖြင့် "နိုင်ငံသို့ပြန်သော အလုပ်သင်များဆိုင်ရာ နောက်ဆက်တွဲ စုံစမ်းစစ်ဆေးခြင်း"ကို ပြုလုပ်ပါမည်။

နောက်နောင်တွင်နည်းပညာအလုပ်သင်စနစ် ကိုပိုမိုကောင်းမွန်အောင်ပြုလုပ်ရန်အတွက်နည်းပညာသင်ယူပြီးနိုင်ငံသို့ ပြန်သည့် သင်တန်းသားများ၏ထင်မြင်ချက်ကို မေးမြန်းခြင်းဖြစ်ပြီးအလွန်အရေးကြီးသည့်စုံစမ်းစစ်ဆေးမှုဖြစ်ပါသည်။

နိုင်ငံသို့ပြန်၌ ကြီးကြပ်ရေးအဖွဲ့နှင့် သင်တန်းပြုလုပ်သူများထံမှ စစ်တမ်းမေးခွန်းလွှာပေးလာလျှင် နိုင်ငံသို့ ပြန်ပြီးနောက် IDနှင့် pass wordများကို အသုံးပြုပြီး အွန်လိုင်း စစ်တမ်း စာမျက်နှာသို့ ဝင်ကာ စစ်တမ်းစာမျက်နှာတွင် ကိုယ်တိုင် ဖြည့်သွင်း ဖြေဆိုခြင်း၊ သို့မဟုတ် စစ်တမ်းမေးခွန်းလွှာ စာရွက်တွင် ကိုယ်တိုင်ဖြည့်သွင်းပြီး တွဲလျက်ပါလာသည့် စာပြန်လန်စာအိတ်တွင်ထည့်ကာ ပြန်ပို့ခြင်း တစ်နည်းနည်းကို ရွေးချယ်လုပ်ဆောင်ပေးပါ။

သင်ဖြေကြားပေးသောမေးခွန်းလွှာသည်ဂျပန်နိုင်ငံတွင်နည်းပညာကိုသင်ယူသည့်အလုပ်သင်အတွက်အထောက်အကူဖြစ်စေမည့် အရာဖြစ်ပါသည်။ တတ်အားသရွေ့ပူးပေါင်းဆောင်ရွက်ပေးပါရန်မေတ္တာရပ်ခံပါသည်။

အွန်လိုင်းမှ ဖြေဆိုပါက

- နိုင်ငံသို့ပြန်ပြီးနောက် တစ်ဦးချင်း သတ်မှတ်ထားသည့် IDနှင့် pass wordများကို အသုံးပြုပြီး အွန်လိုင်း စစ်တမ်း စာမျက်နှာသို့ ဝင်ပါ။
- ဖြေရန် စာမျက်နှာတွင် ဖော်ပြထားသည့်စစ်တမ်းမေးခွန်းနေရာတွင် ကိုယ်တိုင် ဖြေကြားပါ။
- မေးခွန်းကို ကလစ်လုပ်ခြင်းစတဲ့ နည်းတွေနဲ့ ဖြေနိုင်ပါသည်။

စာပို့ ဖြေဆိုပါက

- နိုင်ငံသို့ပြန်ပြီးနောက် စစ်တမ်းမေးခွန်းလွှာတွင် ကိုယ်တိုင် ဖြည့်သွင်းပါ။
- ဖြည့်သွင်းပြီးသည့် မေးခွန်းလွှာကို တွဲလျက်ပါလာသည့် စာပြန်လန်စာအိတ်တွင်ထည့်ကာ ပြန်ပို့ပေးပါ။
- စာထည့်သည့်အခါ တံဆိပ်ခေါင်းကပ်ရန် မလိုပါ။



၂၀၁၈ ဘဏ္ဍာရေးနှစ်၏ တိုးချဲ့ပွညျ့နှုန်းအလုပျသဎ နဟောကျဆကျတဲ့စုံစမျးစဈဆေးမှု၏ရလဒျအကခြုံးခပြု

- အလုပ်သင်တန်းကာလအတွင်း သင်ယူခဲ့သော အရာများ "အသုံးဝင်ပါသည်" ဟု ဖြေကြားသူ ၉၈.၂% ရှိပါသည်။
- အသုံးဝင်ပုံ အသေးစိတ်အနေဖြင့် "သင်ယူခဲ့သော နည်းပညာ" ကို ရွေးချယ်သူ ၇၅.၃%ရှိပြီး ရလဒ်အများဆုံးဖြစ်ကာ၊ "ဂျပန်တွင်နေထိုင်မှုအတွေ့အကြုံရရှိခြင်း"ကိုရွေးချယ်သူ ၆၈.၅%၊ "ဂျပန်စာတတ်မြောက်ခြင်း"ကိုရွေးချယ်သူ ၆၈.၃% ရှိသည်။
- မိမိတိုင်းပြည် ပြန်ရောက်ပြီးနောက်ပိုင်း အလုပ်အကိုင်အခြေအနေနှင့် ပတ်သက်၍ "ဝန်ထမ်းအဖြစ် လုပ်ကိုင်နေခြင်း (၂၂.၂%)" ၊ "အလုပ်နေရာ တွေ့ရှိထားခြင်း (၉.၁%)" ၊ " ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နေခြင်း (၁၅.၀%)" ဟုဖြေကြားခဲ့သူမှာ စုစုပေါင်း ၄၆.၂% ရှိသည်။
  တိုင်းပြည်ပြန်ရောက်ပြီးနောက်ပိုင်း "အလုပ်အကိုင် ရှာဖွေနေဆဲ" ဟုဖြေကြားသူ ပေါင်း၂၅.၃% ရှိသည်။
- အလုပ်အကိုင် အမျိုးအစားအနေဖြင့် "အလုပ်သင်တန်းတွင် လုပ်ကိုင်ခဲ့သော အလုပ်မျိုး (၄၈.၂%) " ၊ "အလုပ်သင်တန်းနှင့် အလားတူ လုပ်ငန်းမျိုး (၁၉.၈%) " ဟု ဖြေကြားသူ ၆၈.၀% ရှိသည်။

3. フォローアップ調査

フォローアップ調査にご協力ください

機構では、技能実習を終えて帰国する技能実習生の方を対象に、帰国後の就職状況や日本での技能実習の実態を把握することを目的として「帰国後技能実習生のフォローアップ調査」を行います。

今後の技能実習制度をより良いものにするために、技能実習を修了して帰国する技能実習生の方のご意見を伺うもので、とても大切な調査です。

帰国前に監理団体や実習実施者からアンケート調査票を渡された場合は、帰国後にIDとパスワードを使用してオンライン調査画面にログインし、調査画面から自分で入力して回答するか、紙の調査票に自分で記入した上で同封の返信用封筒に入れて投函するか、どちらかをお選びください。

あなたのアンケートは日本で技能実習を行う技能実習生にとって役に立つものです。是非ご協力をお願いします。

オンラインにより回答する場合

- 帰国後に、それぞれに割り振られたIDとパスワードを使用してオンライン調査画面にログインしてください
- 回答ページに表示された調査票の画面から自分で回答してください
- 設問をクリックする等により、回答ができます

郵送により回答する場合

- 帰国後に、調査票を自分で記入してください
- 記入した調査票は、同封の返信用封筒に入れて投函してください
- 投函する際に切手を貼る必要はありません



2018年度の帰国技能実習生フォローアップ調査の結果概要

- 技能実習期間を通じて学んだことが「役に立った」と回答した人は98.2% となっている。
- 役に立った具体的な内容は、「修得した技能」の割合が75.3%と最も高く、「日本での生活経験」が68.5%、「日本語能力の修得」が68.3% と続く。
- 帰国後の就職状況について「雇用されて働いている(22.2%)」、「雇用されて働くことが決まっている(9.1%)」、「起業している(15.0%)」と回答した人の合計は46.2%となっている。
  また、帰国後「仕事を探している」と回答した人は25.3%となっている。
- 従事する仕事の内容は「実習と同じ仕事(48.2%)」または「実習と同種の仕事(19.8%)」と回答した人が、68.0%となっている。

4. နည်းပညာလေ့ကျင့်ရေးဥပဒေနှင့်ပတ်သက်၍

အဆိုပါ ဥပဒေ၏ အမည်အပြည့်အစုံမှာ "နိုင်ငံခြားသား အလုပ်သင်တန်း မှန်မှန်ကန်ကန် ပြုလုပ်နိုင်ရေးနှင့် အလုပ်သင်တန်းသား ကာကွယ်စောင့်ရှောက်ရေး ဥပဒေ" (နောက်ပိုင်းတွင် "နည်းပညာလေ့ကျင့်ရေးဥပဒေ"ဟု ခေါ်ဆိုမည်)။ (၂၈ နိုဝင်ဘာ ၊ ၂၀၁၆ တွင် အတည်ပြု ပြဋ္ဌာန်းပြီး၊ ၁ရက် နိုဝင်ဘာ ၂၀၁၇ တွင် စတင်ကျင့်သုံးသည်) ယင်းဥပဒေသည် အလုပ်သင်တန်းအား မှန်မှန်ကန်ကန် ဆောင်ရွက်ရေးနှင့် အလုပ်သင်များ ကာကွယ်ပေးရန် ရည်ရွယ်၍

၁- စည်းမျဉ်းစည်းကမ်းများ ချမှတ်ပြီး အလုပ်သင်ဌာနနှင့် အလုပ်သင်ဌာနကို ကြီးကြပ်လျက်ရှိသော စီမံကွပ်ကဲရေးအဖွဲ့အား စောင့်ကြည့်မှု အခြေအနေ တိုးမြှင့်ဆောင်ရွက်ခြင်း။ ၂-အလုပ်သင် ကာကွယ်ရေးနည်းလမ်းများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ တချိန်တည်းတွင် အရည်အသွေးပြည့်မှီသော အလုပ်သင်ဌာနနှင့် စီမံကွပ်ကဲရေးအဖွဲ့အတွက် နည်းပညာ အဆင့်အတန်း မြင့်မားသော သင်တန်းများ ပို့ချရန် ခွင့်ပြုပေးခဲ့သည်။

(ရှင်းလင်းချက်) နည်းပညာလေ့ကျင့်ရေးဥပဒေအကျဉ်းချုပ်

○ အလုပ်သင်စနစ် မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ရေးနှင့် အလုပ်သင်များ ကာကွယ်စောင့်ရှောက်ရေး၊
- အလုပ်သင်နှင့် ပါဝင်ပတ်သက်သူအားလုံး၏ တာဝန်ဝတ္တရားများ သတ်မှတ်ပေးခြင်းနှင့် အလုပ်သင်တန်း အခြေခံလမ်းစဉ်များ အကဲဖြတ်ရန်၊
- အလုပ်သင်တန်း ပရိုဂရမ်အစီအစဉ်ကို မှတ်ပုံတင်စနစ်ဖြင့်ထိန်းချုပ်ပြီး၊ မှတ်ပုံတင်ရန် အခြေခံလိုအပ်ချက်နှင့် မှတ်ပုံတင်ပေးရန် ငြင်းပယ်နိုင်သည့် အကြောင်းရင်းများ သတ်မှတ်ခြင်း၊ တာဝန်ခံပန်ကြီးထံမှ အစီရင်ခံစာ စုစည်းကောက်ခံခြင်း၊ လိုအပ်သလို ပြုပြင်မြှင်းလဲနိုင်ခြင်း၊ မှတ်ပုံတင်ဖျက်သိမ်းခြင်း စသည့် လုပ်ပိုင်ခွင့် အာဏာများ သတ်မှတ်ပေးရန်၊
- စီမံကွပ်ကဲရေးအဖွဲ့ကို လိုင်စင်စနစ်ဖြင့် လုပ်ဆောင်စေပြီး၊ လိုင်စင်လျှောက်ယူရန် အခြေခံလိုအပ်ချက်နှင့် လိုင်စင်ချပေးရန် ငြင်းပယ်နိုင်သည့် ကိစ္စရပ် များ၊ အထူးလိုက်နာရမည့် ကိစ္စရပ်၊ တာဝန်ခံပန်ကြီးထံမှ အစီရင်ခံစာ စုစည်းကောက်ခံခြင်း၊ လိုအပ်သလို ပြုပြင် မြှင်းလဲနိုင်ခြင်း၊ လိုင်စင် ရုတ်သိမ်းခြင်း စသည့် လုပ်ပိုင်ခွင့် အာဏာများ သတ်မှတ်ပေးရန်၊
- အလုပ်သင် ကာကွယ်စောင့်ရှောက်ရေးအတွက် အလုပ်သင်များအနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ မဖြစ်အောင် စည်းကမ်းချက်များ ထုတ်ပြန်ပြီး၊ စည်းကမ်းဖောက်ဖျက်ပါက အပြစ်ဒဏ်ပေးခြင်းနှင့် အခက်အခဲများ လက်ခံဆွေးနွေးပေးခြင်း၊ သတင်းအချက်အလက်များ ဖြန့်ဝေပေး ခြင်းနှင့် ပံ့ပိုးကူညီမှုများ လုပ်ဆောင်ရန်၊

○ အလုပ်သင်စနစ်၏ သတ်မှတ်နှစ်အရေအတွက်အား တိုးမြှင့်ပေးခြင်း။
- အရည်အသွေးပြည့်မှီသော အလုပ်သင်ဌာနနှင့် စီမံကွပ်ကဲရေးအဖွဲ့များအတွက် အထူးအခွင့်အရေး တစ်ရပ်အနေဖြင့် အလုပ်သင်တန်းသား အဆင့် ၃ (သင်တန်းကာလကို ၄နှစ်မြောက်မှ ၅နှစ်မြောက်အထိ) တိုးမြှင့်လက်ခံခြင်းကို ခွင့်ပြုပေးရန်၊

အထူးသဖြင့် အလုပ်သင်များကို ကာကွယ်စောင့်ရှောက်ရန် အောက်ပါအတိုင်း သတ်မှတ်ထားသည်။
- အလုပ်သင်များအတွက် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ မဖြစ်အောင် စည်းကမ်းချက်များ ထုတ်ပြန်ခြင်းနှင့် အပြစ်ဒဏ် ပေးခြင်း

[ရှင်းလင်းချက်] အလုပ်သင်များ၏ လူ့အခွင့်ရေး ချိုးဖောက်ခံရမှု

၁- အလုပ်သင်များအား အတင်းအကြပ် စေခိုင်းခြင်း၊
၂- စာချုပ်ဖောက်ဖျက်မှုအတွက် နစ်နာကြေးတောင်းခံခြင်း၊
၃- အလုပ်သင်၏ ဝင်ငွေများကို ကာယကံရှင်ကိုယ်စား စီမံဆောင်ရွက်ခွင့် စာချုပ်ချုပ်ဆိုခံခြင်း၊
၄- ပတ်စပို့စာအုပ်၊ နိုင်ငံခြားသားမှတ်ပုံတင်ကတ်များ သိမ်းယူခံရခြင်း၊
၅- ကိုယ်ပိုင်လွတ်လပ်ခွင့်ကို မတရား ဖိနှိပ်ချုပ်ချယ်ခံရခြင်း။

- အလုပ်သင်ဌာနနှင့် စီမံကွပ်ကဲရေးအဖွဲ့များအတွင်း နည်းပညာလေ့ကျင့်ရေးဥပဒေ ချိုးဖောက်မှုများ ရှိပါက အလုပ်သင်တန်းသားမှ လူဝင်မှုကြီးကြပ်ရေး အတွင်းရေးမှူးနှင့် လူမှုဖူလုံရေးနှင့် အလုပ်သမားဝန်ကြီးထံ တိုင်ကြားစာ ပို့နိုင်ကြောင်း ဖော်ပြထားသည်။
  ထို့အပြင် တိုင်ကြားစာ ပေးပို့သည့် အလုပ်သင်တန်းသားအား မတရားဖိနှိပ်စေခိုင်းမှုများ လုပ်ဆောင်ပါက ပြစ်ဒဏ် ချမှတ်နိုင်မည်။
- ကော်မတီမှတဆင့် အလုပ်သင်များအတွက် အခက်အခဲများ လက်ခံဆွေးနွေးပေးခြင်း၊ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်းနှင့် ပံ့ပိုးကူညီပေးခြင်း လုပ်ဆောင်ပေးမည်။

4. 技能実習法について

この法律の正式な名称は「外国人の技能実習の適正な実施及び技能実習生の保護に関する法律」（以下「技能実習法」という。）〈公布：平成28年11月28日、施行：平成29年11月1日〉といいます。

この法律は、技能実習の適正な実施及び技能実習生の保護を図るため、①技能実習を実施する実習実施者やその実施を監理する監理団体に対して必要な規制を設け、管理監督体制を強化するとともに、②技能実習生の保護を図る措置などを定めています。併せて、優良な実習実施者や監理団体については、より高度な技能実習の実施を可能にしました。

【解説】技能実習法の概要

○技能実習制度の適正化・技能実習生の保護
- 技能実習生の基本理念及び関係者の責務を定めるとともに、技能実習に関し基本方針を策定すべきこと。
- 技能実習生ごとに作成する技能実習計画について、認定制とし、認定の基準や認定の欠格事由等を定めるほか、主務大臣の報告徴収、改善命令、認定の取消し等の権限を規定すること。
- 監理団体について、許可制とし、許可の基準や許可の欠格事由を定めるほか、遵守事項、主務大臣の報告徴収、改善命令、許可の取消し等の権限を規定すること。
- 技能実習生の保護に関する措置として、技能実習生に対する人権侵害行為等について、禁止規定を設け、違反に対する罰則を規定するとともに、技能実習生に対する相談対応や情報提供、援助等を行わせること。

○技能実習制度の拡充
- 優良な実習実施者・監理団体に限定して、第3号技能実習生の受入れ（4年目及び5年目の技能実習の実施）を可能とすること。

特に技能実習生の保護に関しては以下の通り定めています。
・技能実習生に関する人権侵害行為等について禁止規定を設け、罰則を規定。

【解説】技能実習生に対する人権侵害行為

①技能実習を強制する行為
②違約金等を定める行為
③貯蓄金を管理する契約を締結する行為
④旅券・在留カードを保管する行為
⑤私生活の自由を不当に制限する行為

・実習実施者や監理団体に技能実習法違反の事実がある場合、技能実習生は出入国在留管理庁長官及び厚生労働大臣に申告できることを明記。
　また、申告を理由とする不利益取扱に対する罰則も規定。
・機構において技能実習生に対する相談対応や情報提供、援助等を実施。

5. နိုင်ငံခြားသား နည်းပညာအလုပ်သင်တန်း ကြီးကြပ်ရေး ကော်မတီဆိုသည်မှာ

ကော်မတီကိုနည်းပညာလေ့ကျင့်ရေးဥပဒေနှင့်အညီ ဖွဲ့စည်းထားပြီး၊ ပြည်ထဲရေးဝန်ကြီးနှင့် လူမှုဖွံ့ဖြိုးရေးနှင့် အလုပ်သမားဝန်ကြီးဌာန လက်အောက်ရှိ လိုင်စင်ရအဖွဲ့အစည်း ဖြစ်ပြီး၊ ကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

က။ စီမံကွပ်ကဲရေးအဖွဲ့နှင့် ပတ်သက်၍ ကော်မတီ၏ လုပ်ပိုင်ခွင့်

၁- စီမံကွပ်ကဲရေးအဖွဲ့၏ သင်တန်းပို့ချမှု အခြေအနေအား စစ်ဆေးခြင်း၊
ပုံမှန်စစ်ဆေး/အစီရင်ခံစာပါ သတ်မှတ်ချက်များနှင့်အညီ သင်တန်းအခြေအနေအား စစ်ဆေးခြင်း၊

၂- စီမံကွပ်ကဲရေး အဖွဲ့ထံမှ အစီရင်ခံစာများ တောင်းခံခြင်း၊

ခ။ အလုပ်သင်ဌာနနှင့် ပတ်သက်၍ ကော်မတီ၏ လုပ်ပိုင်ခွင့်

၁- အလုပ်သင် ပရိုဂရမ်အစီအစဉ်အား စီစစ်အကဲဖြတ်ခြင်း၊

၂- အလုပ်သင်ဌာန၏ သင်တန်းအခြေအနေအား စစ်ဆေးခြင်း၊
ပုံမှန်ပြုလုပ်ရမည့် သင်တန်းအကဲဖြတ်/အစီရင်ခံစာ မူပါဒများနှင့်အညီ သင်တန်းအခြေအနေ အကဲဖြတ် စစ်ဆေးခြင်း၊

၃-အလုပ်သင်ဌာနထံမှ သင်တန်းအစီရင်ခံစာ တောင်းယူခြင်း

၄-အလုပ်သင်ဌာနမှ အကြောင်းကြားစာများ လက်ခံခြင်း

ဂ။အလုပ်သင်တန်းသားများအတွက် ဆောင်ရွက်ပေးရမည့် ကော်မတီ၏ တာဝန်ဝတ္တရား

၁-အလုပ်သင်၏ အခက်အခဲပြဿနာများကို မိခင်ဘာသာစကားဖြင့် လက်ခံဆွေးနွေးပေးခြင်း၊

- ဖုန်းဖြင့် လက်ခံဆွေးနွေးပေးခြင်း (အသေးစိတ်ကို စာမျက်နှာ 30 တွင် ကြည့်ပါ)၊
- အီးမေးလ်ဖြင့် လက်ခံဆွေးနွေးပေးခြင်း (၂၄နာရီ လက်ခံဆွေးနွေးပေး လျက်ရှိသည်)၊
  - ကော်မတီ အင်တာနက်ဝက်ဆိုက်ရှိ မိခင်ဘာသာစကားဖြင့် လက်ခံဆွေးနွေးနိုင်သော ကော်နာမှတဆင့် အီးမေးလ် ဖြင့် လက်ခံဆောင်ရွက်ပေးလျက် ရှိသည်။

၂- နယ်ရုံးနှင့် ရုံးခွဲဌာနများ၌ အခက်အခဲများ လက်ခံဆွေးနွေးပေးခြင်း၊
(နယ်ရုံးနှင့် ရုံးခွဲ လိပ်စာများကို စာမျက်နှာ 92 တွင် ကြည့်ရှုနိုင်ပါသည်)

၃- အလုပ်သင်ဌာနသစ် ပြောင်းခြင်းအား ကူညီဆောင်ရွက်ပေးခြင်း၊

- အောက်ပါ အခြေအနေမျိုးတွင် ကူညီဆောင်ရွက်ပေးသည်။
  - လက်ရှိသင်တန်းဌာနမှ သင်တန်း ဆက်လက်ပို့ချရန် ခက်ခဲနေပြီး၊ အလုပ်သင်အနေဖြင့် သင်တန်း ဆက်လက် တက်ရောက်ရန် စိတ်ဆန္ဒ ရှိနေခြင်း၊
- အလုပ်သင်ဌာနသစ် ပြောင်းလဲလိုပါက မိခင်ဘာသာစကားသုံး ဆွေးနွေးကောင်တာ၊ ကော်မတီရုံးချုပ်၊နယ်ရုံး နှင့် ရုံးခွဲများသို့ သွားရောက်၍ ဆွေးနွေးတိုင်ပင်နိုင်ပြီး၊ အောက်ပါ ဝက်ဘ်ဆိုက်သို့လည်း ဝင်ရောက် လေ့လာ နိုင်ပါသည်။

[ကော်မတီ အင်တာနက် ဝက်ဘ်ဆိုက်ရှိ အလုပ်သင်ဌာန ပြောင်းလဲမှုအား ပံ့ပိုးကူညီပေးသည့် ကော်နာ]
https://www.support.otit.go.jp/jisshu/

5. 外国人技能実習機構とは

機構は、技能実習法に基づいて設立された法務省と厚生労働省が所管する認可法人です。
機構は以下の権限・役割を果たします。



A: 機構の監理団体に対する権限
①監理団体に対して実地検査を実施
定期的な実地検査／申告に基づく実地検査
②監理団体から報告を求める

B: 機構の実習実施者に対する権限
①技能実習計画の認定
②実習実施者に対して実地検査を実施
定期的な実地検査／申告に基づく実地検査
③実習実施者から報告を求める
④実習実施者の届出の受理

C: 機構の技能実習生に対する役割
①母国語による相談・申告への対応
○電話相談（詳細は31ページ）
○電子メールによる相談（24時間受付対応）
・機構ホームページ内母国語相談サイトからメールフォームにより対応。
②地方事務所・支所における相談・申告
（地方事務所・支所の住所連絡先は93ページ）
③実習先の変更支援
○以下のような場合に支援を行います。
・技能実習を行うことが困難になった場合で、あなたが引き続き技能実習を希望しているとき。
○実習先の変更については、母国語相談又は機構本部、地方事務所・支所に相談してください。また、以下のサイトもご活用ください。

【機構ホームページ内実習先変更支援サイト】
https://www.support.otit.go.jp/jisshu/

6. အလုပ်သင်၏တာဝန်ဂတ္တရားနှင့်ပတ်သက်၍

> အလုပ်သင်သည်နည်းပညာကိုကြိုးစားသင်ယူ၍ရရှိသည့်နည်းပညာများကိုမိခင်နိုင်ငံသို့လက်ဆင့်ကမ်းပေးသည့်တာဝန်ကို ထမ်းဆောင်ရမည်။
>
> (နည်းပညာလေ့ကျင့်ရေးဥပဒေ- ပုဒ်မ 6)

နည်းပညာလေ့ကျင့်ရေးဥပဒေ- ပုဒ်မ ၆တွင်အလုပ်သင်၏တာဝန်ဂတ္တရားနှင့်ပတ်သက်၍ပြဋ္ဌာန်းထားပြီး၊ ဤတာဝန်တွင်ထင်ရှားစွာအလုပ်သင်သည်နည်းပညာကိုကြိုးစားသင်ယူရမည်ဟုသတ်မှတ်ထားသည်။

အလုပ်သင်ချင်းအားလုံးသည်ချနည်းပညာလေ့ကျင်ကြရင်းဥပ ဒဆိုင်ရာ အခွင့်ခံသဘာဝတရား ဒဿနကို အခွင့်ခံ ၍အလုပ်သင်ချနေရာဌာနတုံ့ပြန်ညွှန်းပညာကိုသင်ယူကာထို နည်းပညာတွေ့ရ ဖိမိခိုင်ကျင်အား အကျိုးပြုပါ။

တဝန်သင်တန်းများအားလုံးသည်နေထိုင်ခွင့်(အလုပ်သင်)အဖြစ်ဂျပန်နိုင်ငံသို့ဝင်ရောက်လာသော်ကြောင့်အလုပ်သင်အပြင်အခြားသောအလုပ်များကိုလုပ်ခွင့်မရှိပါ။ အလုပ်သင်သည်နေရာအပြင်အခြားနေရာတွင်အလုပ်လုပ်ခွင့်မရှိပါ။

ထို့ကြောင့် ဥပမာအနေနှင့်အလုပ်သင်နေရာတွင်လည်း နည်းပညာသင်ယူခြင်းအပြင်အခြားအလုပ်အဖြစ် အချိန်ပိုင်းအလုပ်လုပ်ခြင်းကိုအသိအမှတ်မပြုပါ။

ဤကဲ့သို့သောလုပ်ဆောင်မှုသည်သင်ကိုယ်တိုင်လည်းဂျပန်နိုင်ငံ၏ဥပဒေအရပြစ်ဒဏ်ပေးခြင်းခံရမည်ဖြစ် သောကြောင့် သတိပြုပါ။

≪အလုပ်သင်များထွက်ပြေးသည့်ပြဿနာ≫

ယခုတလောအလုပ်သင်အဖြစ်ဂျပန်နိုင်ငံသို့ရောက်ရှိလာခဲ့သော်လည်း ၊နည်းပညာသင်ယူစဉ်တွင် သင်ယူသည့်နေရာမှထွက်ပြေး သူ များပြားလာ၍ပြဿနာကြီးဖြစ်နေပါသည်။

သင်ယူသည့်နေရာမှထွက်ပြေး၍ အခြားသောအလုပ်ကိုလုပ်ခြင်းသည် လူဝင်မှုကြီးကြပ်ရေးဥပဒေပါ အခြားလူပ်ရှားမှုပြုလုပ်ခွင့်ကို ချိုးဖောက်သည့် အနေဖြင့် ပြည်နှင်ဒဏ်ပေးနိုင်သည့် အပြင် ရာဇဝတ်မှုကျူးလွန်သည့်အနေဖြင့် ပြစ်ဒဏ်ခံရနိုင်သည့် အပြုအမူဖြစ်ပြီး၊ အားလုံးအတွက် အကျိုးရှိနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် သူငယ်ချင်းများနှင့် SNS မှတဆင့် (အလုပ်သင်တဲ့နေရာက ထွက်ပြေးရင် ပိုပြီးပိုက်ဆံရတဲ့ အလုပ်ရှိသည်။) စသည်ဖြင့် မြူဆွယ်လာလျှင် လုံးဝနားမယောင်ပါနှင့်။

ထွက်ပြေးခြင်းသည်ဥပဒေချိုးဖောက်သူဖြစ်သွားခြင်းဖြစ်၍အားလုံးအတွက်မည်သည့်အကျိုးမှမရှိဘေ သာကြောင့်ထွက်ပြေးပြအခြ ား အလုပ်လုပ်ရန်မြူဆွယ်ခြင်းကိုလုံးဝနားမယောင်ပါနှင့်။

≪လူဝင်မှုကြီးကြပ်ရေးဥပဒေဆိုင်ရာပြစ်ဒဏ်စသည်ဖြင့် ≫

တရားမဝင်နေထိုင်သည့်ပြစ်မှု - အလုပ်နှင့်ထောင်ဒဏ်3နှစ်အထိသို့မဟုတ် ဒဏ်ငွေယန်းသိန်း 30အထိ

အခြားလူပ်ရှားမှုပြုလုပ်ခွင့်ဆိုင်ရာပြစ်မှု - အလုပ်နှင့်ထောင်ဒဏ် 1 နှစ်အထိ သို့မဟုတ် ထောင်ဒဏ် သို့မဟုတ် ဒဏ်ငွေယန်းသိန်း 20 အထိ

(လုံးဝညီညွတ်ပြုလုပ်နေကြောင်းထင်ရှားသည်ဟုသတ်မှတ်လျှင် အလုပ်နှင့်ထောင်ဒဏ် 3 နှစ်အထိ သို့မဟုတ် ထောင်ဒဏ် သို့မဟုတ် ဒဏ်ငွေယန်းသိန်း 30 အထိ)

တရားမဝင်အလုပ်လုပ်ရန်အထောက်အကူပေးသည့်ပြစ်မှု - အလုပ်နှင့်ထောင်ဒဏ် 3 နှစ်အထိ သို့မဟုတ် ဒဏ်ငွေယန်း သိန်း 30 အထိ

7. နိုင်ငံမဝင်မီပို့လွှတ်သည့်အဖွဲ့အစည်းစသည်တို့အားပေးဆောင်ရမည့်ကုန်ကျစရိတ်နှင့် ပတ်သက်၍ (စီမံကြီးကြပ်သည့်အဖွဲ့နှင့်ပို့လွှတ်သည့်အဖွဲ့အကြားတွင်မသင့်တော်သည့်လုပ်ဆောင်မှုများနှင့်ပတ်သက်၍)

အလုပ်သင်များအားလုံး ဂျပန်နိုင်ငံသို့မဝင်ရောက်မီ ကုန်ကျသည့်စရိတ်နှင့် ပတ်သက်၍ ကော်မတီသို့တင်ရမည့် စာရွက်စာတမ်းများအထဲတွင် (နိုင်ငံခြားတိုင်းပြည်သို့ ပို့လွှတ်သည့်အဖွဲ့အစည်းမှ ကောက်ခံသည့်ကုန်ကျစရိတ်ရှင်းတမ်း (ကိုးကားပုံစံအမှတ် 2-10) (ဒေသာက်တွင်ကုန်ကျစရိတ်ရှင်းတမ်း) ဟုဆိုမည်။) မြင်သာအောင်ရေးသားထားပြီး ပို့လွှတ်သည့်အဖွဲ့အစည်းစသည်မှ ၎င်းကုန်ကျစရိတ်အပြင် အခြားငွေကြေးများကို အလုပ်သင်သို့မဟုတ် ၎င်းနှင့်သက်ဆိုင်သူ (ဆွေမျိုးမိသားစုစသည့်) ထံမှကောက်ခံခြင်းပြုလုပ်၍မရဘဲ တဖန်ကောက်ခံသည့်စရိတ်၏အချက်အလက်များနှင့်ပတ်သက်၍လည်း အလုပ်သင်များအားသေချာစွာ နားလည်သဘောပေါက်စေရမည်ကိုလည်း ပို့လွှတ်သည့် အဖွဲ့အစည်းမှ ဂတိကဝတ်ပြုရမည်။ အလုပျသဝျမၿအားလုံးမထုကျပွေးရနျ စသညျအကွဟေ၊ဖွဟျခကြျရညျရှယျခကြျဖှဟျ၊ကောကျခံရွၤ၊ ပို့လှတျသညျအဖှဲ့ အစညျး(ယှညျပအလုပျအကိုၤသကေ်ြ)ဆဟေ၊အခေ၊ပြေစီ) သို့မဟုတျ အခွားအဖှဲ့အစညျး၊ လူပှဂ်ိုလျစသညျတို့ထံမှ ကုနျကြစြရိတျရှၤ၊တမျးထဲမှာ ပါရှိသဟေကုနျကြစြရိတျအပွဟု အခွားသဟေအပို့ဂေွး၊ ကဟေကျခံရွၤမကြၢပွလုပျခဲ့ပါက

６．技能実習生の責務について

> 技能実習生は、技能実習に専念することにより技能等の修得等をし、本国への技能等の移転に努めなければならない。
>
> （技能実習法第6条）

技能実習法第6条には技能実習生の責務が規定されており、この責務からも明らかなように、技能実習生は技能実習に専念することとされています。

技能実習生の皆さんは、この技能実習法の理念に基づき実習先で技能を修得し、本国で修得した技能を役立ててください。

また、技能実習生の皆さんは、在留資格「技能実習」で本邦に入国しており、技能実習以外の、他の仕事をすることはできません。実習先以外の他所で、仕事をすることもできません。

したがって、たとえ同じ実習先であっても技能実習以外の仕事として、アルバイトをすることは認められていません。

これらの行為は、あなた自身も日本の法令により処罰を受ける場合もありますので、注意してください。

≪技能実習生の失踪問題≫

近年、技能実習生として来日したにもかかわらず、技能実習の途中で実習先から失踪する者が増加しており、大きな問題となっています。

実習先から失踪して別の仕事をすることは、入管法の資格外活動許可違反として退去強制の対象となりうるほか、犯罪として処罰されることのある行為であり、みなさんにとって何ら利益になりません。ですから、友人やＳＮＳなどを通じて「実習先から失踪すれば、もっとお金が稼げる仕事がある。」などの誘いがあったとしても決してこのような誘いに乗ってはいけません。

失踪は法違反者となるだけであり、皆さんにとって何らの利益も生じませんので、絶対に失踪して他の仕事に就くことへの誘いには応じないようにしてください。

≪入管法の罰則等≫

不法残留罪：3年以下の懲役若しくは300万円以下の罰金

資格外活動の罪：1年以下の懲役若しくは禁固若しくは200万円以下の罰金

（専ら行っていると明らかに認められる場合は、3年以下の懲役若しくは禁固若しくは300万円以下の罰金）

不法就労助長罪：3年以下の懲役若しくは300万円以下の罰金

７．入国前に送出機関等に支払う費用について（監理団体と送出機関の不適切な関係について）

技能実習生の皆さんが、日本に入国する前に支払う費用については、機構あてに提出する書類の中で、「外国の送出機関が徴収する費用明細書（参考様式第２－１０号）」（以下「費用明細書」という。）において明記され、送出機関等は、当該費用以外の金銭を技能実習生及びその関係者（親族等）から徴収することはできず、また、徴収する費用の内容についても、技能実習生に十分に理解させることを送出機関が誓約することとなっています。皆さんが失踪防止などを目的として保証金を徴収されたり、送出機関あるいは送出機関以外の組織、個人等から費用明細書以外の金銭を徴収されたりした場合は、機構に相談してください（93ページ参照）。

また、技能実習法第２８条第１項には、監理団体が監理事業に関し、団体監理型実習実施者等、団体監理型技能実習生その他の関係者から、いかなる名義でも、手数料又は報酬を受けて

ကဂျေမတီသို့တိုဂျပဂျ ဆုဝေးနှဝေးပါ။ (စာမကြုန္ဒာ 92 ကိုကွညျှပါ။)

တဖန် နည်းပညာအလုပ်သင်ဥပဒေပုဒ်မ 28 ပုဒ်မခွဲ 1 တွင်စီမံကြီးကြပ်ရေးအဖွဲ့အစည်း၏စီမံကြီးကြပ်သည့်လုပ်ငန်းနှင့်ပတ်သက် ၍ ၊ အဖွဲ့အစည်းနှင့်စီမံကြီးကြပ်သည့်ပုံစံဖြင့်သင်တန်းပြုလုပ်သူများ၊ အဖွဲ့အစည်းနှင့်စီမံကြီးကြပ်သည့်ပုံစံဖြင့်သင်ယူသူတန်းသားနှင့် အခြားသက်ဆိုင်သူများထံမှ မည်သည့်အမည်နှင့်မဆို ကော်မရှင်ခ သို့မဟုတ် ဝန်ဆောင်ခကိုလက်ခံယူခြင်းမပြုရဟုသတ်မှတ်ထား သည်။(သို့သော်လည်း၎င်းခြွင်းချက်အဖြစ် ၎င်းပုဒ်မ၏ပုဒ်မခွဲ 2 တွင် စီမံကြီးကြပ်ရေးလုပ်ငန်းအတွက်ပုံမှန်လိုအပ်မည့်ကုန်ကျစရိတ်စ သည်တို့နှင့်ပတ်သက်၍ အသုံးပြုမည့်အကြောင်းရင်းနှင့်ငွေပမာဏကိုကြိုတင်၍ဖော်ပြလျက်ကောက်ခံနိုင်သည်ဟုသတ်မှတ်ထား သည်။ ၎င်းကို(စီမံခန့်ခွဲမှုဝန်ဆောင်ခ)ဟုဆိုသည်။) စီမံကြီးကြပ်ရေးအဖွဲ့အစည်းမှစီမံကြီးကြပ်ခနှင့်မကိုက်ညီသည့်ငွေကြေးကိုပို့လွှတ်သည့်အဖွဲ့အစည်း အပါအဝင်အလုပ်သင်မှုနှင့်သက်ဆိုင်သူများထံမှလက်ခံယူလျှင်(ဥပမာ - စီမံကြီးကြပ်ရေးအဖွဲ့အစည်းမှ ပို့လွှတ်သည့်အဖွဲ့အစည်း စသည်တို့ထံမှဖြတ်စားလျှပ်စားငွေကိုလက်ခံယူခြင်း) ၎င်းစီမံကြီးကြပ်ရေးအဖွဲ့အစည်းသည်စီမံကြီးကြပ်ရေးအဖွဲ့အစည်းလိုင်စင် ကိုဖျက်သိမ်းသည့်ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်သောကြောင့်အကယ်၍ဤကဲ့သို့ပြုလုပ်ကြောင်းကိုသိလျှင်ကော်မတီသို့ဆွေးနွေးပါ။

သို့သော်လည်း ၎င်းဆွေးနွေးမှုများကိုပြုလုပ်ခြင်းကြောင့်သင်တန်းသားများအားမတရားဖိနှိပ်မှုများပြုလုပ်မည်မဟုတ်ပါ။



8. အလုပ်သင်တန်းအတွက် စောင့်ထိန်းရမည့် ကိုယ်နှုတ်အမူအရာများ

(1) "နှုတ်ခွန်းဆက်စကား" ဖြင့် တစ်နေ့တာ စတင်ခြင်း

အလုပ်ခွင်သို့ ရောက်လျှင် ရောက်ခြင်း နှုတ်ခွန်းဆက်စကားကို ရှင်လန်း တက်ကြွစွာ ပြောဆိုကြပါ။

နှုတ်ခွန်းဆက်စကား ပြောဆိုခြင်းဖြင့် တစ်နေ့တာကို အဆင်ပြေချောမွေ့စွာ ဖြတ်သန်းနိုင်မည်ဖြစ်ပြီး၊ လုပ်ငန်းခွင်တွင် အပြန် အလှန် နှုတ်ခွန်းဆက်စကား ပြောဆိုခြင်းအားဖြင့် အချင်းချင်း ဆက်ဆံရေး အဆင်ပြေချောမွေ့နိုင်ပြီး ကောင်းမွန်သော လုပ်ငန်း ခွင် တစ်ခုအဖြစ် ဖန်တီးလုပ်ဆောင်နိုင်ပေမည်။

ထို့အပြင် မိမိဘက်မှ စိတ်အားထက်သန်စွာ စကား ပြောဆိုဆက်ဆံခြင်းဖြင့် လုပ်ငန်းခွင် ဆက်ဆံရေး အဆင်ပြေချောမွေ့ပြီး၊ သင်တန်းရလာဒ် အခြေအနေများလည်း ကောင်းမွန်လာမည် ဖြစ်သည်။

(2) စည်းကမ်း လိုက်နာခြင်း

လုပ်ငန်းခွင်တွင် လုပ်ဖော်ကိုင်ဖက် အမြောက်အများ ရှိနေပါသည်။ ဝန်ထမ်းအားလုံးက ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများကို ကိုယ်စီ လိုက်နာကြသည့်အတွက် အဆင်ပြေချောမွေ့သော လုပ်ငန်းခွင်တစ်ခု ဖန်တီးနိုင်ခြင်း ဖြစ်သည်။ သင့်အနေဖြင့် မိမိပေး ထားသော ကတိကို စောင့်ထိန်းပြီး၊ အချိန်လေးစားမှု ရှိပါက လုပ်ဖော်ကိုင်ဖက်များ၏ ယုံကြည်လေးစားမှုကို ရရှိလာနိုင်မည်။ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းကို လိုက်နာစောင့်ထိန်းပြီး၊ အလုပ်သင်တန်းမှူးနှင့် အတိုင်ပင်ခံ၏ ညွှန်ကြားချက်များကို သေသေချာချာ နားလည်သဘောပေါက်အောင် လုပ်ဆောင်သွား ဖို့လိုသည်။

(3) လုပ်ငန်းခွင်အတွင်း သင်ကြားပြသမှုအား တိတိကျကျ လိုက်နာဆောင်ရွက်ကြပါ

အလုပ်နှင့် မသက်ဆိုင်သော အခြားအရာများ တွေးတောနေခြင်း၊ တွေဝေဝေးမောနေခြင်း၊ အလုပ်ထဲ စိတ်မပါခြင်းများ ဖြစ်နေပါက သင်ပြပေးမှုများ မမှတ်မိနိုင်သည့်အပြင် လုပ်ငန်းခွင်အတွင်း ထိခိုက်အန္တာရယ်များ တွေ့ကြုံရဖွယ်ရှိနိုင်ပါသည်။

သင်ပြမှုကို တိတိကျကျ လိုက်နာဆောင်ရွက်ရန် အလွန်အရေးကြီးသည်။

(4) နားလည်သဘောပေါက်သည်အထိ အကြိမ်ကြိမ် မေးမြန်းပါ

အလုပ်သင်တန်း လေ့ကျင့်သင်ယူရာတွင် မသိ၊မတတ်၊နားမလည်သည့်အတိုင်း ရှေ့ဆက်မသွားရန် အရေးကြီးသည်။ သေချာမသိနားမလည်သော အရာတစ်ခုကို မသိနားမလည်သည့်အတိုင်း ဆက်လုပ်မည်ဆိုပါက အလွန်အန္တရာယ်ကြီးသည်။ မရှက်မကြောက်ဘဲ အမှန်တကယ် နားလည်သဘောပေါက်သည်အထိ အကြိမ်ကြိမ် မေးမြန်းပြီးမှ လုပ်ကိုင်ရမည်။

はならないことが規定されています（ただし、その例外として、同条第２項において、監理事業に通常必要となる経費等については、あらかじめ用途及び金額を明示した上で徴収することができるとされています。これを「監理費」といいます。）。監理団体が監理費に該当しない金銭を送出機関を含む技能実習の関係者から受け取った場合（例えば、監理団体が送出機関等からキックバックを受け取った場合）は、当該監理団体は監理団体の許可の取消しや罰則の適用対象となりますので、もし、このようなことを知った時には、機構に相談してください。

なお、これらの相談をすることによって技能実習生の皆さんが不利益に取り扱われることはありません。



８．技能実習にあたっての心構え

(1) 一日のはじまりは「あいさつ」から

出勤したら、まずは元気にあいさつをしましょう。

あいさつをすることで気持ちのいい一日を始めることができますし、あいさつが交わされる職場では、協調性のある人間関係や明るい雰囲気が生まれてきます。

また、積極的にコミュニケーションを取ることで、職場の人間関係も良好となり、技能実習においても大きな成果を上げることが期待できます。

(2) ルールを守る

企業では、多くの人たちが働いています。スムーズに行動できるのは、決められた規則を守っているからです。時間や約束を守ることで、あなたは信頼を得るでしょう。決められた規則を守り、技能実習指導員・生活指導員の指示を確実に理解して行動しましょう。

(3) 真剣に指導を受けましょう

別のことを考えていたり、ぼんやりしていたり、いやいやながら作業をしていては、指導されたことが身につきませんし、作業中に危険を招くことにもなりかねません。

説明者の指導を、真剣に受けることが大切です。

(4) 何事もわかるまで

技能実習を進めていくうえで最も重要なことは、わからない、知らない、できないまま先に進まないことです。よくわからないまま作業を続けるのは危険です。恥ずかしがらずに理解できるまで、何回でも繰り返し確認しましょう。

9. ဥပဒေဆိုင်ရာ အကျိုးခံစားခွင့်များ

(1) ဂျပန်နိုင်ငံတွင် နေထိုင်စဉ်အတွင်း အောက်ဖော်ပြပါ ဂျပန်နိုင်ငံ၏ ဥပဒေဆိုင်ရာ အကျိုးခံစားခွင့်များ ရရှိမည်။

ဥပဒေပုဒ်မအမည်	အဓိကအချက်
နည်းပညာလေ့ကျင့်ရေးဥပဒေ	○ အလုပ်သင်များကို အကာအကွယ်ပေးသည်အနေဖြင့် အလုပ်သင်တန်း၏သက်ဆိုင်သူအား တားမြစ်ချက်များ ပြဋ္ဌာန်းထားပြီး၊ လိုက်နာဆောင်ရွက်ခြင်း မရှိပါက အလုပ်သင်မှ လူဝင်မှုကြီးကြပ်ရေး အတွင်းရေးမှူးနှင့် လုပ္ပဒုလုံရေးနှင့် အလုပ်သမားဝန်ကြီးထံ တိုင်ကြားနိုင်သည်။ ○ ကော်မတီမှ အလုပ်သင် အခက်အခဲများကို လက်ခံဆွေးနွေးပေးပြီး လိုအပ်သလို ကူညီပံ့ပိုးကာကွယ်ပေးရမည်။
လူဝင်မှုကြီးကြပ်ရေးနှင့် ဒုက္ခသည်အသိအမှတ်ပြု ဥပဒေ (လူဝင်မှုကြီးကြပ်ရေးဥပဒေ)	○ နိုင်ငံခြားသားတစ်ယောက်အနေဖြင့် ဂျပန်နိုင်ငံအတွင်း တရားဝင် နေထိုင်ရန်ဒီဇာလိုအပ်ပြီး၊ဒီဇာအမျိုးအစားအ လိုက်ခွင့်ပြုထားသော လှုပ်ရှားဆောင်ရွက်မှုများ ကန့်သတ်ထားသည်။ ○ သင် ကိုင်ဆောင်ထားသော ဒီဇာအမျိုးအစားမှာ "အလုပ်သင်" ဖြစ်ပြီး၊ အလုပ်သင်တန်းမှအပ အခြား အ လုပ်အကိုင်များ လုပ်ပိုင်ခွင့် မရှိပါ။
အလုပ်သမားစံနှုန်းဥပဒေ အနိမ့်ဆုံးလုပ်ခလွှေဥပဒေ လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးဥပဒေ	○ အလုပ်သင်များအနေဖြင့် သင်တန်းပြုလုပ်သူနှင့်အလုပ်သမားခန့်ထားရေးဆိုင်ရာအချက်အလက်များ အရအလုပ်သင် အဖြစ်လုပ်ကိုင်ရမည်ဖြစ်သည်အတွက်ဂျပန်တွင်အလုပ်လုပ်ကိုင်နေသောအခြားဝန်ထမ်းများနည်းတူအ လုပ်သမားစံနှုန်း ဥပဒေသည်တို့.ကိုကျင့်သုံးမည်ဖြစ်သည်။(ချင်းချက်အနေဖြင့်ဂျပန်နိုင်ငံသို့ရောက်ရောက်ချင်း သင်တန်းတက်ရောက်ရ ကျွင် တက်ရောက်ရမည့် စုပေါင်းသင်တန်း ကာလ မပါဝင်ပါ) ○ ဤဥပဒေသည် အလုပ်သမားခံစားခွင့်များအတွက် အနိမ့်ဆုံးစံနှုန်းကို သတ်မှတ်ထားသည်။ ဥပဒေ မျိုးဖောက်ပါက အလုပ်သမားစံနှုန်းကြီးကြပ်ရေးဌာနသို့ တိုင်ကြားနိုင်သည်။
အမျိုးသားအမျိုးသမီးတန်းတူညီမျှခြာ အလုပ္ပအကိုင်ဘေးခုလ္ပအလမ်းဆိုင်ရာဥပဒေ	○ အလုပ်သင်များအားလုံးမှာ အလုပ်သင်ဌာနနှင့် အလုပ်သမားခန့်ထားရေးဆိုင်ရာအချက်အ လက် အောက်တွင် အလုပ်သင်အနေဖြင့် အလုပ်လုပ်ကိုင်နိုင်မည်ဖြစ်သောကြောင့် ဂျပန်တွင် အလုပ်လုပ်နေသည့် အခြားအလုပ်သမားများနည်းတူ အလုပ်ရှင်မှ လက်ထပ်ခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်းစသည်တို့ကို အကြောင်းပြုချက်ပေးကာ အလုပ်မှထုတ်ပယ်ခြင်းစသည့် မတရားဖိနှိပ်မှု များလုပ်ဆောင်ခြင်းကို တန်းတူညီမျှသော အလုပ်အကိုင်အခွင့်အလမ်း အစရှိသည့် ဥပဒေများတွင် ခွင့်မပြုထားပါ။ ○ ထိုသို့ လုပ်ဆောင်ခြင်း ခံရပါက သက်ဆိုင်ရာစီရင်စု အလုပ်သမားရေးရာဌာနသို့ တိုင်ပင်ဆွေးနွေးပါ။
အလုပ်သမားအဖွဲ့အစည်းဥပဒေ အလုပ်သမားရေးရာညှိနှိုင်းရေးဥပဒေ	○ အလုပ်သင်သည် အလုပ်သမားအဖွဲ့အစည်းတွင် အဖွဲ့ဝင်၍ မိမိ၏လုပ်ငန်းခံစားခွင့်များ ပိုမိုရရှိရန် အလုပ်ရှင်အား အဖွဲ့အစည်းအနေဖြင့် တောင်းဆို ဆွေးနွေးပိုင်ခွင့်ရှိပါသည်။ ○ သင်တန်းပြုလုပ်သူ (အနေအထားမေပါမူတည်၍ စီမံကြီးကြပ်သည့်အဖွဲ့အစည်း အပါအဝင်) သည် အလုပ်သင်များအား အဖွဲ့အစည်းသို့ဝင်ခြင်းနှင့် အဖွဲ့အစည်းလှုပ်ရှားမှုလုပ်ခြင်းကို အကြောင်းပြု၍ အလုပ်ဖြုတ်ခြင်း၊ အဖွဲ့အစည်းမှထွက်ရန် တောင်းဆိုခြင်းစသည့် အကျိုးယုတ်စေသည့်လုပ်ရပ်များကို မပြုလုပ်နိုင်ပါ။ ○ ထိုသို့ လုပ်ဆောင်ခံရလျှင် အလုပ်သမားရေးရာ ကော်မတီသို့ ကယ်ဆယ်ပေးရန် တောင်းခံခြင်း ပြုလုပ်နိုင်သည်။
အခြားသော ခံစားခွင့်များ	○ လူမှုဖူလုံရေးအာမခံ(ကျန်းမာရေးအာမခံနှင့် ပင်စင်)၊ အလုပ်အာမခံ၊ အခွန်နှင့် ပတ်သက်သော ခံစားခွင့် များ ရရှိမည်။

ဖော်ပြပါ ဥပဒေအရ အလုပ်သင်များအနေဖြင့် ဂျပန်လူမျိုးဝန်ထမ်းများနည်းတူ အခွင့်အရေးများ ခံစားခွင့် ရှိမည်ဖြစ်ပြီး၊ တပြိုင်တည်းတွင် ဂျပန်လူမျိုး ဝန်ထမ်းများနည်းတူ တာဝန်ဝတ္တရား ဂေါ့ပွန်စွာ ထမ်းဆောင်ကြရမည် ဖြစ်သည်။

(2) ရာဇဝတ်မှုများတွင်ပါဝင်ပတ်သက်ခြင်းမရှိရန်အတွက်

ယခုတလောတွင်ရာဇဝတ်မှုကျူးလွန်သည့်အဖွဲ့အစည်းက နိုင်ငံခြားသားများ အတွက်အင်တာနက်မှသတင်းအချက်အလက်နှင့် SNS တွင်အလုပ်ခေါ်သည့်ကြော်ငြာ၊ဘူဝယ်ချင်းနှင့်အသိများထံမှခွဲဆောင်ခြင်းစသည်တို့.ကိုအသုံးပြုကာ အမျိုးမျိုးသောရာဇဝတ်မှုများတွင် အလုပ်သင်များကိုပါဝင်ပတ်သက်အောင်ပြုလုပ်နေသည့်ဥပမာအဖြစ်အပျက်များကိုတွေ့နေရပါသည်။

9. 法令の適用等

（１）あなたが日本に滞在する間に、次のような日本の各種法令が適用されます。

法令の名前	ポイント
技能実習法	○技能実習生を保護するため、技能実習関係者による禁止行為を定めています。法令違反があった場合には、技能実習生は出入国在留管理庁長官及び厚生労働大臣に申告することができます。 ○機構が技能実習生の相談への対応・援助・保護を行うことを定めています。
出入国管理及び難民認定法（入管法）	○外国人が日本で適法に在留（滞在）するための資格（在留資格）を規定しており、日本で行うことができる活動を定めています。 ○あなたが許可されている資格は「技能実習」になりますので、この資格で認められない活動、たとえば、内職やアルバイトをすることはできません。
労働基準法 最低賃金法 労働安全衛生法	○技能実習生の皆さんは、実習実施者との雇用関係のもと技能実習生として働くことになりますので、日本で働く他の労働者と同じように、労働基準法などが適用されます。（なお、入国直後に講習を受ける場合は、講習終了後から適用されます。） ○これらの法律は労働条件の最低の基準を定めています。法令違反があった場合には、労働基準監督署に申告することができます。
男女雇用機会均等法	○技能実習生の皆さんは、実習実施者との雇用関係のもと技能実習生として働くことになりますので、日本で働く他の労働者と同じように、使用者が結婚・妊娠・出産等を理由として解雇など不利益取扱いをすることは男女雇用機会均等法で認められていません。 ○これらの取扱いを受けた場合は、都道府県労働局へ相談してください。
労働組合法 労働関係調整法	○技能実習生は、労働組合に加入し、労働条件の向上などを求めて使用者に対して団体交渉をする権利があります。 ○実習実施者（場合によっては監理団体も）が、技能実習生に対し、組合加入や組合活動を理由に解雇をしたり、組合脱退を求めるなどの不利益な取扱いをすることはできません。 ○これらの取扱いを受けた場合には、労働委員会に救済を求めることができます。
その他の法律	○社会保険（健康保険や年金）、労働保険、税金に関する法律なども適用になります。

これらの法令によって、日本人労働者と同じように、あなたの権利は保護されることになりますが、同じように、果たさなくてはならない義務があることも忘れないようにしてください。

（２）犯罪に巻き込まれないために

近年、犯罪組織が、外国人向けのインターネットの情報やSNSの求人広告、友人や知人からの勧誘等を使って、さまざまな犯罪に技能実習生を巻き込んでいる例が見られます。

နိုင်ငံသို့ မပြန်ခင် ယခုအချိန်အထိအသုံးပြုခဲ့သည့် မိမိ၏အမည်ပေါက်ဘဏ်စာအုပ် ၊ ငွေစုစာအုပ် ၊ ဘဏ် ကတ်ပြား ၊ လက်ကိုင်ဖုန်းများကိုအခြားသူများကိုပေးခြင်း၊ ရောင်းခြင်းများပြုလုပ်ခြင်း။



ATMတွင်အခြားသူ၏ဘဏ်အကောင့်ထဲမှငွေသားများကိုထုတ်ယူခြင်း။

အခြားသူအဖြစ်ဟန်ဆောင်၍ ပစ္စည်းလက်ခံဖြတ်ပိုင်းတွင်လက်မှတ်ထိုးနိုင်းခြင်း ၊ အခြားလူများထံပို့ရမည့်ပစ္စည်းကိုလိမ်ညာယူခြင်း။

ထိုကဲ့သို့သောအလုပ်များသည် အပမျိုးသံကွည္ဝလုပ်မြဲ လုယျက္ကရိုးရှုးဝှီးခဲြျခမြြားဝျင့ေမြားရရှိနိုျသည္အတြကျအလုပျ အကိုျကာငျးတစျခုအနနေ့ထျမွျရသငျလညျးထိုလုပျရပျမြားအားလုံးသညျရာဇဝတျမှုမှာကျ သဘောအမှုမြားဖွစျသည်။ ရာဇဝတျမှုကျးြလှုနျသည္အဖြှအစညျးမြားသည် "အခ်ြိန္ပိုလုိငျးအလုပျ လုပျကွညျမလား"စသည္ စကားလုိခ်ြိဖြငျ့ အလုပျသငျ့မြားအား ဆဲ့ဆာငျကမျးလှမျးသည္အတြကျ အလုပျသငျ့မြားကိုပယျတိုငျက မိမိ၏အပွအမှုမြားသည် ရာဇဝတျမှုမှာကျသဘောလုပျရပျမြားဖွစျသည်ကို သတိမပွမိဘဲကျးြလှုနျမိသည္အခါမြိြားသညျးရှိသည်။

အလုပ်သင်များအားဤကဲ့သို့ သောပုံသဏ္ဌာန်ဖြင့်ရာဇဝတ်မှုကျူးလွန်သည့် အဖွဲ့အစည်း၏အသုံးပြုခြင်းကိုခံရလျှင်လည်း ဥပမာ အောက်ပါဇယားတွင်ရှိသော အပြုအမှုနှင့်ပတ်သက်၍ ရာဇဝတ်မှုမြောက်သည့် အပြုအမှုတွင်ပါဝင်ကျူးလွန်ခြင်းဖြစ်သဖြင့် တရားစွဲခံရနိုင်ခြေရှိပြီး တကယ်ဆိုလျှင်နည်းပညာသင်ယူ၍ မိသားစုထံသို့ဘေးမသီရန်မခဘဲ ပြန်ရမည့်အစား ထိုရည်ရွယ်ချက်လည်း မအောင်မြင်ဘဲ ပြစ်မှုပြစ်ဒဏ်နှင့် ပြည်နှင်ဒဏ်ပေးခံရခြင်းများ ဖြစ်ပေါ် လာနိုင်ခြင်းကြောင့် ဤရာဇဝတ်မှုတွင်ပါဝင်ပတ်သက်ခြင်း မရှိရန်သတိထားပါ။

အကယ်၍ဤကဲ့သို့ သောအပြုအမှုကိုတွေ့မြင်ကြားသိခဲ့လျှင်ရဲထံသို့အကြောင်းကြားပါ။ ထိုပွပျနိုငျသို့ပွနျ့ငွးစသညျတိုကွဘေ့ျ ဘဏျအကဘေ့ျအသုံးမပွတဘော့ပါက အကဘေ့ျဖငြျသိမှးခွးလုပျထုံးလုပျနညျး စာရှကျစာတမျးမြားပွငျဆငျဖွီးတငျပါ။

帰国前にこれまで使っていた自分名義の預金通帳・キャッシュカード・携帯電話を他者に譲渡したり売ったりすること。



ＡＴＭで他人名義の口座から現金を引き出すこと。

他人になりすまして配達伝票に署名したり、他人の宅配便をだまし取ったりすること。

こうした仕事は、表向きは簡単で、すぐに高額報酬を得られ、好条件の仕事のように見えますが、すべて犯罪行為です。犯罪組織は、「ちょっとアルバイトをしてみないか。」などと、技能実習生の皆さんを言葉巧みに勧誘しますので、巻き込まれた技能実習生においては、自らの行為が犯罪行為であるとの自覚がないまま行っている場合もあります。

技能実習生の皆さんがこのようなかたちで犯罪組織に利用された場合であっても、例えば、下の表にあるような行為については、犯罪行為に加担したとして、罪に問われる可能性があり、本来、技能を身につけて、家族の元に無事帰国するはずが、その目的を果たすことができずに、刑事罰や強制送還等の対象となりますので、このような犯罪に巻き込まれないように注意してください。

もし、こうした行為を見聞きしたら、警察に通報してください。なお、帰国などにより銀行口座を利用しなくなる場合は、解約手続をしてください。

ရာဇဝတ်မှုကျူးလွန်သည်ဟု အကျူးခံသည့် အပြုအမူ	ဘဏ်ဘက်ခြင်း၏အပြုအမူနှင့် အကျူးခံသည့် ပြစ်မှုအမည်များ
အခြားသူအားလက်ကိုင်ဖုန်းပေးခြင်း	လက်ကိုင်ဖုန်းတရားမဝင်အသုံးပြုမှုကာကွယ်ရေးဥပဒေချိုးဖောက်
အခြားသူအားဘဏ်အကောင့်နှင့်ဘဏ်ကဒ်ကိုရောင်းခြင်း၊ ပေးခြင်း	ရာဇဝတ်မှုမှရသည့်အမြတ်အစွန်းကိုပြောင်းရွှေ့ခြင်းကာကွယ်သည့် ဥပဒေချိုးဖောက်
အခြားသူအဖြစ်ဟန်ဆောင်ပြီးငွေထုတ်ရန်ရည်ရွယ်ချက်ဖြင့်အခြား သူ၏အမည်ဘဏ်ကဒ်ကိုလက်ခံယူခြင်း	ရာဇဝတ်မှုမှရသည့်အမြတ်အစွန်းကိုလွှဲပြောင်းပြခင်းကာကွယ်သည့် ဥပဒေချိုးဖောက်
အခြားသူအဖြစ်ဟန်ဆောင်၍ပစ္စည်းလက်ခံဖြတ်ပိုင်းတွင် လက်မှတ်ထိုးခြင်း	တစ်စုံတစ်ယောက်၏လက်မှတ်တံဆိပ်တုံးအတုလုပ်ခြင်း
အခြားသူများထံပို့ရမည့်ပစ္စည်းကိုလိမ်ညာယူခြင်း	လိမ်လည်မှု
ATM တွင်အခြားသူ၏အမည်အကောင့်မှငွေသားကိုထုတ်ယူခြင်း	ခိုးမှု

10. နိုင်ငံခြားသား မှတ်ပုံတင်ကတ်

နိုင်ငံခြားသား မှတ်ပုံတင်ကတ်သည် ဂျပန်နိုင်ငံတွင်း ကာလရှည် နေထိုင်မည့် နိုင်ငံခြားသားများအတွက် ပြည်ဝင်ခွင့်၊ ဝီဇာအမျိုးအစား ပြောင်းခြင်း၊ ဝီဇာသက်တမ်း တိုးခြင်းများ ခွင့်ပြုချိန်တွင် တပါတည်း ထုတ်ပေးသော ကတ်ဖြစ်သည်။

နိုင်ငံခြားသား မှတ်ပုံတင်ကတ်ကို ကိုယ်နှင့်မကွာ အမြဲ ကိုင်ဆောင်ထားရန် လိုအပ်သည်။ ယင်းကတ်ကို မိမိဘာသာ သိမ်းဆည်းထားရမည် ဖြစ်ပြီး၊ အလုပ်သင်ဌာနနှင့် စီမံကွပ်ကဲရေးအဖွဲ့ထံ အပ်နှံထားခြင်း မပြုရပါ။

ထို့အပြင်၊ ယင်းကတ်ကို အခြားသူတစ်ယောက်အား ငှားရမ်းခြင်းနှင့် လွှဲပြောင်းပေးအပ်ခြင်းများ မပြုလုပ်ရပါ။ မသမာမှုနှင့် ရာဇဝတ်မှုများတွင် အသုံးချခံရနိုင်သည်အတွက် သတိပြုကြပါ။

နေရပ်လိပ်စာ
လိပ်စာပြောင်းပါက
ကတ်ပြားနောက်ကျော ဘက်တွင်
ပြင်ရေးပေးသည်

ဝီဇာသက်တမ်း(ကုန်ဆုံးရက်)
ဂျပန်နိုင်ငံတွင် တရားဝင်နေထိုင်ခွင့်
ရှိသော ကာလကို ရေးသားထားသည်

အလုပ်အကိုင်အကန့်အသတ်ရှိမရှိ
အလုပ်သင်တန်းမှသာ
အခြားအလုပ်အကိုင် လုပ်ခွင့်မရှိပါ။

ကတ်သက်တမ်း
နိုင်ငံခြားသားကတ် သက်တမ်း ကုန်ဆုံးမည့် ကာလ ရေးသားထားသည်။

ပြင်ပ အလုပ်လုပ်ကိုင်ခွင့်
အလုပ်သင်များသည်အခြားလူပုဂ္ဂိုလ်များမှပြုလုပ်ခွင့်ကိုလက်ခံယူခွင့်မရှိပေ။

犯罪に該当する行為	左記の行為が該当する罪名
他人に携帯電話を譲り渡すこと	携帯電話不正利用防止法違反
他人に銀行口座やキャッシュカードを売る、譲ること	犯罪収益移転防止法違反
他人になりすまして現金を引き出す目的で、他人名義のキャッシュカードを譲り受けること	犯罪収益移転防止法違反
他人になりすまして配達伝票に署名すること	私印偽造
他人の宅配便（商品）をだまし取ること	詐欺
ＡＴＭで他人名義の口座から現金を引き出すこと	窃盗

10. 在留カード

在留カードは日本に中長期に在留（滞在）する外国人に対し、上陸許可や在留資格の変更許可、在留期間の更新許可などの在留許可に伴い交付されるものです。

あなたには在留カードを携帯する義務がありますので、必ず自分で所持してください。在留カードを監理団体や実習実施者に預けないでください。

また、在留カードを他人に貸したり、譲り渡したりもしないでください。悪用されたり、犯罪に巻き込まれたりするおそれもありますので注意してください。

住居地
変更があった場合には、裏面に記載されます。

就労制限の有無
技能実習以外の就労活動はできません。

在留期間(満了日)
日本に在留することができる期間を表しています。

有効期間
在留カードには有効期間があります。



資格外活動許可欄
「技能実習生は、資格外活動許可を受けることはできません。」

11. အလုပ်သင်တန်း ဆက်လက်လုပ်ဆောင်ရန် ခက်ခဲခြင်း

○ ပင်စင်နှုတ်ထွက်ကြေးနှင့် ပတ်သက်ပြီး အသေးစိတ်အချက်များကို အောက်ပါ ဂျပန်နိုင်ငံပင်စင်ဌာန အင်တာနက်စာမျက်နှာ တွင် ကြည့်ရှုနိုင်ပါသည်။ ထိုပြင် ယင်းအင်တာနက်စာမျက်မှာမှ နှုတ်ထွက်ကြေး "တောင်းခံသည့်လျှောက်လွှာ (အမျိုးသား ပင်စင်/လူမှုဇုလုံရေးအာမခံ)" ကို ရယူနိုင်သည်။ အလုပ်သင်ဌာန သို့မဟုတ် စီမံကွပ်ကဲရေး အဖွဲ့၏ တာဝန်ခံထံမှ အကူအညီရယူပြီး လျှောက်ထားမှု အဆင့်ဆင့်ကို လုပ်ဆောင်ကြပါ။
ဤနေရာတွင် ပင်စင်နှုတ်ထွက်ကြေး တစ်လုံးတည်းငွေပေးချေရန် လိုအပ်ချက်အဖြစ် ဂျပန်နိုင်ငံ ပင်စင်ဌာနက လက်ခံသည့်နေ့တွင် ဂျပန်နိုင်ငံတွင် နေထိုင်မှုမရှိရန် လိုအပ်သည်။ မပြန်ခင်တွင် နေထိုင်သော မြို့နယ်၊ ကျေးရွာသို့ ရွှေ့ပြောင်းကြောင်း အကြောင်းကြားစာကို တင်ပါ။ အထူးသဖြင့် အဆင့် ၃ သင်တန်းသား အဖြစ် ဂျပန်သို့ ပြန်လည်ဝင်ရောက်ရန်ရှိပါက အလုပ်သင် ပရိုဂရမ်တွင် သတ်မှတ်ထားသည့် ခေတ္တခဏ အမိန့်င်ငံသို့ပြန်ချိန်၌ ပင်စင်နှုတ်ထွက်ကြေး တစ်လုံးတည်းငွေပေးချေမှုကို တောင်းခံရာတွင် ခေတ္တခဏ အမိန့်င်ငံသို့ပြန်သည့်အခါ နေထိုင်သော မြို့နယ်၊ ကျေးရွာသို့ ရွှေ့ပြောင်းကြောင်း အကြောင်းကြားစာ တင်ပြီး ဂျပန်သို့ပြန်လည်မဝင်ရောက်မီ ပင်စင်နှုတ်ထွက်ကြေး တစ်လုံးတည်းငွေပေးချေမှု တောင်းခံလွှာက ဂျပန်နိုင်ငံပင်စင်ဌာနသို့ရောက်ရှိနေစေရန် ငွေတောင်းခံလွှာကို ဂျပန်နိုင်ငံပင်စင်ဌာနသို့ ပေးပို့ထားပါ။
(သတိပြုရန်) ဂျပန်နိုင်ငံပင်စင်ဌာနက ငွေတောင်းခံလွှာကို လက်မခံရသေးခင် ဂျပန်နိုင်ငံတွင်း ပြန်လည်ဝင်ရောက်ပြီး နေထိုင်မှုရှိသည့် အနေအထား ဖြစ်နေပါက ငွေပေးချေရန် သတ်မှတ်ချက်နှင့် ကိုက်ညီတော့မည် မဟုတ်ကြောင်း သတိထားပါ။

"ဂျပန်နိုင်ငံပင်စင်ဌာန အင်တာနက်စာမျက်နှာ"
https://www.nenkin.go.jp/service/jukyu/sonota-kyufu/dattai-ichiji/20150406.html

AIR MAIL
Japan Pension Service (Foreign Business Group)
3-5-24, Takaido-nishi,Suginami-ku
Tokyo 168-8505 JAPAN
〒168-8505 東京都杉並区高井戸西3丁目5番24号
日本年金機構（外国業務グループ）

17. အလုပ်သမားအာမခံ

အလုပ်သမားအာမခံဆိုသည်မှာ လုပ်ငန်းခွင်နှင့် အလုပ်သွားအလုပ်ပြန်စဉ် ရရှိသော ထိခိုက်ဒဏ်ရာရမှုနှင့် နေထိုင်မ ကောင်းခြင်းအတွက် ခံစားခွင့်(အလုပ်သမား နစ်နာကြေးအာမခံ)နှင့် အလုပ်လက်မဲ့ဖြစ်ချိန် ခံစားခွင့်(အလုပ်အာမခံ) အတွက် လုပ်ဆောင်ပေးသော အစိုးရအာမခံစနစ်ဖြစ်သည်။
အလုပ်သမား တစ်ဦးနှင့်အထက် ခန့်ထားသော လုပ်ငန်းရှင်အနေဖြင့် အာမခံ မဝင်မနေရ သတ်မှတ်ထားသည်။

(ရှင်းလင်းချက်) အချို့သော လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ
အချို့ သော လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက်မူ မဝင်မနေရ မဟုတ်ဘဲ ဆန္ဒရှိပါက အစိုးရ အလုပ်သမား အာမခံအစား အခြားနစ်သက်ရာ ပုဂ္ဂလိကအာမခံတစ်မျိုးမျိုး ဝင်ရောက်ခွင့်ပေးထားသည်။

(1) အလုပ်သမား နစ်နာကြေးအာမခံ
○အလုပ်သမားများသည်အလုပ်(အလုပ်တာဝန်)နှင့်အလုပ်သွားအလုပ်ပြန်ကိုအကြောင်းပြု၍ထိခိုက်ဒဏ်ရာရရှိခဲ့ ခြင်း ၊ ရောဂါဖြစ်ခြင်း ၊ မသန်စွမ်းဖြစ်ခြင်း ၊ သေဆုံးခြင်း ဖြစ်လျှင် အလုပ်သမားကိုယ်တိုင်နှင့်၎င်း၏မိသားစုများကိုကာ ကွယ်ပေးရန်အ တွက်လိုအပ်သည့်ထောက်ပံ့မှုများပြုလုပ်ပါမည်။
○အလုပ်သမားနစ်နာကြေးအာမခံဖြင့်လက်ခံရရှိနိုင်သည့်အာမခံထောက်ပံ့ငွေသည်အောက်ပါအတိုင်းဖြစ်ပါသည်။
၁. အနားယူ(နစ်နာကြေး)ထောက်ပံ့ခြင်း - လိုအပ်သည့်အနားယူမှုအတွက်ထောက်ပံ့ပေးခြင်း (စာမျက်နှာ 120 ကိုကိုးကား)
၂. အလုပ်နား(နစ်နာကြေး) ထောက်ပံ့ခြင်း - အလုပ်နားသည့် 4 ရက်မြောက်နေ့မှ အလုပ်နားသည့်ရက် 1 ရက်လျှင်အခြေ ခံထောက်ပံ့ငွေပမာဏ၏ 60%ကိုထောက်ပံ့ပေးခြင်း (စာမျက်နှာ 122 ကိုကိုးကား)
၃. ဒဏ်ရာ(နစ်နာကြေး) ပင်စင် - စတင်အနားယူသည့်အချိန်မှ 1နှစ် 6လကျော်သည့်နောက်ဒဏ်ရာမပျောက်သေးလျှင်ဒဏ်ရာ အနေ အထားအဆင့်အလိုက် ပင်စင်ကိုထောက်ပံ့ပေးခြင်း။
၄. ကိုယ်နှင့်စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှု(နစ်နာကြေး) ထောက်ပံ့ခြင်း - ကိုယ်နှင့်စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုကျန်ရှိနေခဲ့လျှင်ချို့ယွင်း မှုအ ဆင့်နှင့်လိုက်၍ ၊ ပင်စင် သို့မဟုတ် တလုံးတခဲပင်စင် ကိုထောက်ပံ့ပေးခြင်း။
၅. သူနာပြု(နစ်နာကြေး)ထောက်ပံ့ခြင်း - ပြင်းထန်သောနောက်ဆက်တွဲရောဂါကျန်နေပြီးသူနာပြုလိုအပ်သည့်သူများအား သူနာပြုစ ရိတ်အဖြစ်ကုန်ကျစရိတ်အားလုံးကိုငွေသားဖြင့်ထောက်ပံ့ပေးခြင်း။

○脱退一時金についての詳細は、以下の日本年金機構のホームページをご覧ください。また、このホームページから「脱退一時金請求書（国民年金／厚生年金保険）」を入手できます。実習実施者又は監理団体の担当者に依頼して、請求の手続を進めてください。
なお、脱退一時金の受給要件として、日本年金機構が請求書を受理した日に日本に住所を有していないことが必要です。帰国する前に、お住まいの市区町村に転出届を提出してください。特に、３号技能実習生として再入国することが見込まれる場合には、技能実習計画で決められた一時帰国時に脱退一時金の請求をするに当たって、一時帰国時に必ずお住いの市区町村に転出届を提出し、日本に再入国する前に脱退一時金の請求書が日本年金機構に到達するよう、請求書を日本年金機構に提出してください。
（注意）日本年金機構が請求書を受理する前に再入国し、住所を有するに至った場合には、受給要件を満たさなくなるのでご注意ください。

【日本年金機構ホームページ】
https://www.nenkin.go.jp/service/jukyu/sonota-kyufu/dattai-ichiji/20150406.html

AIR MAIL
Japan Pension Service (Foreign Business Group)
3-5-24, Takaido-nishi,Suginami-ku
Tokyo 168-8505 JAPAN
〒168-8505 東京都杉並区高井戸西3丁目5番24号
日本年金機構（外国業務グループ）

17. 労働保険

労働保険とは、仕事中や通勤中のケガや病気に対する給付（労災保険）と失業した場合の給付（雇用保険）を行う国の制度です。
労働者を一人でも雇用している事業に対して強制的に適用されます。

【解説】農林水産業の一部について
農林水産業の一部については、労災保険が任意適用とされていますが、この場合、労災保険の代替措置として民間の任意保険に加入しなければなりません。

（1）労災保険
○労働者の方々が、仕事（業務）や通勤が原因で負傷した場合、病気になった場合、障害が残った場合、お亡くなりになった場合に、労働者本人やその遺族を保護するために必要な給付が行われます。
○労災保険で受けられる保険給付は次のものがあります。
①療養（補償）給付：必要な療養を給付（121ページ参照）
②休業（補償）給付：休業４日目から、休業１日につき給付基礎日額の６０％を支給（123ページ参照）
③傷病（補償）年金：療養開始から１年６か月経過後、傷病が治癒していない場合に、傷病等級に応じ、年金を支給
④障害（補償）給付：障害が残った場合に、障害等級に応じ、年金または一時金を支給
⑤介護（補償）給付：重い後遺症が残り介護が必要となった方に対し、介護費用としてかかった実費を現金支給

⑥. ကျန်ရစ်သူမိသားစု(နစ်နာကြေး) ထောက်ပံ့ခြင်း နှင့် နာရေးစရိတ် (နာရေးထောက်ပံ့ကြေး) - ကျန်ရစ်သူမိသားစုအားပင်စင်သို့မ ဟုတ်တလုံးတခဲပင်စင်နှင့်နာရေးစရိတ်ကိုထောက်ပံ့ပေးခြင်း။

○အာမခံဝင်မှုလုပ်ငန်းစဉ်အလုပ်ရှင်(သင်တန်းပြုလုပ်သူ)မှပြုလုပ်မည်။ အာမခံကြေးကိုအလုပ်ရှင်မှအားလုံးပေးဆောင်ရမည်ဖြစ်သောကြောင့် သင်(အလုပ်သင်)မှပေးဆောင်စရာမလိုပေ။

(2) အလုပ်အာမခံ

○အလုပ်လက်မဲ့ဖြစ်သွားသော အလုပ်သမား၏ စားဝတ်နေရေး အဆင်ပြေစေရန် အာမခံကြေး ထုတ်ပေးပြီး သင်တန်းပေးသူ၏ဒေါ်လီခံခြင်းနှင့်လုပ်ငန်းလျော့ချခြင်းစသည့်အကြောင်းရင်များကြောင့်အလုပ်လက်မဲ့ဖြစ်လျှင် ၊ သတ်မှတ်ထားသည့်အချက်အလက်ပြည့်စုံလျှင် အလုပ်သင်များလည်း အလုပ်အာမခံဆိုင်ရာထောက်ပံ့ကြေး(အခြေခံထောက်ပံ့ကြေး)ကိုလက် ခံယူနိုင်သည်။

○1ပတ်လျှင်သတ်မှတ်ထားသည့်အချိန်နာရီ 20ကျော်အလုပ်လုပ်ရမည်။ 31ရက်ကျော်အလုပ်ခန့်ထားမည်ဟုမှန်းဆထားခြင်းစသည့်သတ်မှတ်ထားသည့်အချက်များပြည့်စုံလျှင် ၊ အလုပ်အာမခံဝင်ရမည်။အာမခံဝင်ခြင်းကိုအလုပ်ရှင်(သင်တန်းပြုလုပ်သူ)မှပြုလုပ် ပါမည်။

○အလုပ်ထွက်ပြီးနောက်အောက်ဖော်ပြပါအချက်တခုခုနှင့်ကိုက်ညီလျှင်အလုပ်သမားအာမခံထောက်ပံ့ကြေး(အခြေခံထောက်ပံ့ကြေး)ကိုလက်ခံရယူနိုင်သည်။ အလုပ်ရှင်(သင်တန်းပြုလုပ်သူ) မှထုတ်ပေးသောအလုပ်ထွက်ကြောင်းထောက်ခံစာကိုမိမိနေထိုင်သည့်နေရာနှင့်သက်ဆိုင်သည့်ဟလိုးဝေါ့ခ်(Hello Work) သို့တင်ပါ။ (စာမျက်နှာ 124 ကိုကြည့်ပါ၊)

ဂ. ဟလိုးဝေါ့ခ်သို့လာ၍ အလုပ်လျှောက်ထားပြီးဆက်လက်သင်ယူမည့်ဆန္ဒနှင့်အရည်အချင်းရှိသော်လည်း ၊ အလုပ်မရ (အလုပ်လက် မဲ့) ဖြစ်နေခြင်း။

ဃ. အလုပ်ထွက်သည့်နေ့မတိုင်မီ 2 နှစ်တာတွင် အာမခံဝင်ထားသည့်ကာလသည်တဆက်တည်း 12 လ ကျော်ရှိရမည်။ သို့သော်လည်း သင်တန်းပြုလုပ်သူ၏ဒေါ်လီခံခြင်းနှင့်လုပ်ငန်းလျော့ချခြင်းစသည့်အကြောင်းရင်းဖြင့်အလုပ်လက်မဲ့ဖြစ်ခဲ့ လျှင်အလုပ်ထွက်သည့်နေ့မတိုင်မီ 1 နှစ်တာကာလတွင်အာမခံဝင်ထားသည့်ကာလသည်အဆက်မပြတ်ဘဲ 6 လကျော် လျှင်လည်းလက်ခံရယူနိုင်ပါသည်။

○အ လုပ်အာမခံကြေးကို အလုပ်ရှင်(အလုပ်သင်ဌာန)နှင့် အလုပ်သမား(အလုပ်သင်)တို့မှ ခွဲဝေကျခံပေးရမည်။ လုပ်အားခ×အာမခံကြေးအချိုးနှုန်း (သာမန်လုပ်ငန်းဖြစ်ပါက ၀.၃%၊ လယ်ယာစိုက်ပျိုးရေးနှင့် ဖွေးမြူရေးလုပ်ငန်းဖြစ်ပါက ၀.၄%၊ (ဟေးဆေး ၃၀ နှစ်(၂၀၂၀ ခုနှစ် အာမခံနှုန်းထား))

○အလုပ်သင် ကျခံရမည် အလုပ်အာမခံကြေးကို အလုပ်ရှင်(အလုပ်သင်ဌာန)က အလုပ်သင်လစာမှ နှုတ်ယူပြီး နိုင်ငံတော်သို့ ပေးသွင်းရသည်။

(*) "လစာတွက်ချက်မှု" အသေးစိတ်ကို (စာမျက်နှာ 54) တွင် ကြည့်ပါ။

18. ဝင်ငွေခွန်နှင့် စည်ပင်ခွန်

○အလုပ်သင်အား စည်းကြပ်မည့် အခွန်တွင် လုပ်အားခအပေါ် ကောက်ခံမည့် နိုင်ငံတော် စည်းကြပ်ခွန် (ဝင်ငွေခွန်)နှင့် ဒေသအစိုးရ စည်းကြပ်ခွန်(စည်ပင်ခွန်)ဟူ၍ နှစ်မျိုးရှိသည်။ ၎င်းအခွန်များမှာ ဂျပန်နိုင်ငံတွင်း အိမ်ထောင်စုစာရင်းထားရှိပြီး ဝင်ငွေ ရှိသူအားလုံးအတွက် မဆောင်မနေရ အခွန်များဖြစ်သည်။ထို့ပြင် မိမိနိုင်ငံနှင့် ဂျပန်နိုင်ငံအကြားတွင် နှစ်နိုင်ငံအခွန်ကောက်ခံမှု သဘောတူစာချုပ် ချုပ်ဆိုခြင်းနှင့်ပတ်သက်၍ ထိုအခွန်ကင်းလွတ်ခွင့်ရှိသည့် နိုင်ငံများရှိသည် (တရုတ်၊ ထိုင်း၊ ပါကစ္စတန် စသည်တို့)။ အသေးစိတ်ကို အခွန်ရုံး (ဝင်ငွေခွန်) သို့မဟုတ် သင်နေထိုင်သော စည်ပင်သာယာရုံး (စည်ပင်ခွန်) တွင် စုံစမ်းမေးမြန်းပါ။

○ဝင်ငွေခွန်သည် လစဉ် ၊ ရသည့်လစဉ်အပေါ်ကျသင့်သည့်အခွန်ကိုလခထဲမှနှုတ်၍ 12 လပိုင်းတွင်ထိုနှစ်တွင်ရရှိသည့်လခစုစုပေါင်းအပေါ်ကျသင့်သည့်အခွန်နှင့်နှုတ်လိုက်သည့်အခွန်ပမာဏကိုပြန်တွက်သည်။

○စည်ပင်ခွန်ကို ယခင်နှစ်၏ ဝင်ငွေပေါ်မူတည်၍ တွက်ချက်ပြီး၊ ယခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တွင် နေထိုင်လျက်ရှိသော မြို့နယ်ဒေသ အစိုးအရအာဖွဲ့ထံ အခြေခံသဘောတရားအရ (၁၂) ကြိမ်ခွဲကာ ဖွဲ့လမှစ၍ လစဉ်လစာငွေမှ ထုတ်နှုတ်ပေးဆောင်သည်။

○ဂျပန်နိုင်ငံ၌ နေထိုင်စဉ်ဖြစ်ပါက လစာငွေမှ အခွန်ငွေနှုတ်ယူပြီး အလုပ်ရှင်မှတဆင့် နိုင်ငံတော်နှင့် ဒေသအစိုးရထံ ပေးဆောင်ရပြီး၊ နှစ်မဂုန်မှီ မိမိတိုင်းပြည်ပြန်ပါကလည်း မပေးဆောင်ရသေးသော စည်ပင်ခွန်မှာ တစ်နှစ်စာ၏အခွန်ငွေပမာဏကို သတ်မှတ်ထားပြီးဖြစ်သောကြောင့် ကျန်ရှိနေသောပမာဏကို ပေးဆောင်ခဲ့ရန် လိုအပ်သည်။
ဤသို့ဆိုရာတွင် ဂျပန်တွင် နေထိုင်မှုမရှိသည့်အပြင် ဆက်လက်ပြီးလည်း ဂျပန်တွင် တစ်နှစ်ကျော် နေထိုင်မှုမရှိပါက ထိုအနေအထားများနှင့်ပတ်သက်၍ သီးခြားကိုင်တွယ်မည်။

○အသေးစိတ်ကို 23. အမျိုးမျိုးသောဆွေးနွေးမှု ၊ အထောက်အကူပေးသည့်ကောင်တာ ၃၊ တွင်ပါရှိသည့် အခွန်ရုံး သို့မဟုတ် မြို့နယ်၊ ကျေးရွာရုံးထံသို့ဖြစ်စေ၊ အလုပ်သင်ဌာန သို့မဟုတ် စီမံကွပ်ကဲရေးအဖွဲ့ထံသို့ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

⑥遺族(補償)給付及び葬祭料(葬祭給付)：遺族に対し年金または一時金及び葬祭料を支給

○加入手続きは使用者（実習実施者）が行います。保険料は使用者が全額負担することとなっていますので、あなた（技能実習生）の負担はありません。

（2）雇用保険

○労働者が失業した場合に生活の安定を図るため必要な給付を行います。実習実施者の倒産や事業の縮小などの理由で失業した場合に、一定の条件を満たしていれば、技能実習生も雇用保険の給付（基本手当）を受けることができます。

○１週間の所定労働時間が２０時間以上であること、３１日以上の雇用見込みがあること等の要件を満たす場合、雇用保険に加入しなければなりません。加入手続きは使用者（実習実施者）が行います。

○離職後、次のいずれにもあてはまるときに雇用保険の給付（基本手当）を受けることができます。使用者（実習実施者）から交付された離職票を住居所管轄のハローワークに提出してください。（125ページ参照）

①ハローワークに来所し、求職の申込みを行い、実習を継続しようとする意思、能力があるにもかかわらず、職業に就くことができない「失業の状態」にあること。

②離職の日以前２年間に、被保険者期間が通算して１２か月以上あること。ただし、実習実施者の倒産や事業の縮小などの理由で失業した場合には、離職の日以前１年間に、被保険者期間が通算して６か月以上ある場合でも可能です。

○雇用保険料は使用者（実習実施者）と労働者（技能実習生）で負担します。あなた（技能実習生）の負担額は以下のとおりです。
賃金額×保険率（一般の事業 0.3%、農林水産の事業 0.4%、建設の事業 0.4%（2020 年度の保険率））

○保険料の納付については、使用者（実習実施者）があなたの負担する雇用保険料を賃金から控除（徴収）し、国へ納付します。
（※）「賃金計算の知識」（55ページ参照）もご覧ください。

18. 所得税・住民税

○技能実習生に関係する税金には、賃金に対する国税（所得税）と地方税（住民税）があります。これは、日本に居住していて、かつ、所得のある人が支払わなければならない税金です。なお、出身国と日本との間で租税条約が締結されている場合には、これらの税が免除されることがあります中国、タイ、パキスタン等）。詳しくは税務署（所得税）又はお住いの市区町村（住民税）にお問い合わせください。

○所得税は、毎月、賃金の支払額に応じた税額が賃金から天引きされ、12月にその年中の賃金の総額に対する税額と天引きした税額との調整が行われます。

○住民税は、前年の所得に対してかかる税金で、２年目の１月１日時点で居住している地方公共団体に対し、原則、確定した税額を12回に分けて、6月以降の毎月の賃金から天引きされ、支払われます。

○納税に当たって、在留中は毎月の給料から使用者が控除して、国や地方公共団体に支払います。年度途中で帰国する場合、未納の住民税は残額を納付しなければなりません。
なお、日本に住所を有しない場合で、かつ、日本に引き続き１年以上居所を有しない場合は、これらについて別の取扱いとなります。

○詳しくは、23. 各種相談・支援窓口の③に記載の税務署又は市区町村役場にお尋ねいただくか、実習実施者又は監理団体にお尋ね下さい。

လစာတွက်ချက်မှု

အလုပ်သင်ဌာန(ကုမ္ပဏီ)မှ အလုပ်သင်သို့ လစဉ်ပေးချေမည့် လစာငွေမှ လူမှုဖူလုံရေး အာမခံကြေး (အလုပ်သမား ကျန်းမာရေးအာမခံ နှင့် ပင်စင်အာမခံကြေး) ၊ အလုပ်အာမခံကြေး၊ ဝင်ငွေခွန်၊ စည်ပင်ခွန်၊ အလုပ်ရှင်အလုပ်သမား သဘောတူညီမှုအရ အိမ်လခနှင့် ရေဓီးဂတ်စ်ဖိုးများ နှုတ်ယူခွင့်ရှိသည်။ လစဉ် အလုပ်သင်လစာမှ အိမ်လခနှင့် ရေဓီးဂတ်စ်ဖိုး နှုတ်ယူရန် အလုပ်သင်နှင့် အလုပ်သင်ဌာန (ကုမ္ပဏီ)အကြား ကြိုတင်သဘောတူညီမှု ရှိထားရန် လိုအပ်ပြီး၊ အမှန်တကယ်ကုန်ကျငွေ သို့မဟုတ် သင့်လျော်သော ပမာဏတစ်ခုထက်ပို၍ နှုတ်ယူခွင့်မရှိပါ။

အလုပ်သမား နှစ်နာကြေးအာမခံအတွက်မှု အလုပ်ရှင်မှ အပြည့်အဝ ကျခံပေးရမည်ဖြစ်ပြီး အလုပ်သင်၏ လစာငွေမှ နှုတ်ယူခွင့်မရှိပါ။

လစာပေးချေမည့်သူသည် ဘဏ်စာရင်းသို့လွှဲထည့်ပေးချေသည့်အခါ သင်(လစာလက်ခံမည့်သူ)အား "လစာဖြတ်ပိုင်း"ကို ပေးအပ်ရမည်ဟု သတ်မှတ်ထားပါသည်။ "လစာဖြတ်ပိုင်း" ကို အောက်ပါအတိုင်း အပိုင်းကြီး လေးပိုင်းဖြင့် ဖွဲ့စည်းထားသည်။

အကြောင်းအရာ	ရှင်းလင်းချက်	
အလုပ်ဆင်းရက်/ အချိန်	အလုပ်ဆင်းရက်ပေါင်း၊ အလုပ်ပျက်ရက်ပေါင်း၊အလုပ်ဆင်းချိန်ပေါင်း (သတ်မှတ်အလုပ်ချိန်)၊ အချိန်ပိုအလုပ်ချိန်ပေါင်း စသည်ဖြင့်	➡ လစာငွေ စုစုပေါင်း
လုပ်အားခ	အခြေခံလစာ၊သတ်မှတ်ချိန်ပြင်ပအလုပ်ချိန်အတွက် ခံစားခွင့် (အချိန်ပိုကြေး) စသည်ဖြင့်	
အထွေထွေနှုတ်ယူငွေ	လူမှုဖူလုံရေးအာမခံငွေ(ကျန်းမာရေးအာမခံ ၊ အလုပ်ပင်စင်အာမခံ) ၊အလုပ်အာမခံ	➡ လစာငွေမှနှုတ်ယူငွေ စုစုပေါင်း
	အခွန်(ဝင်ငွေခွန်၊ စည်ပင်ခွန်)	
	အလုပ်ရှင်အလုပ်သမား ကြိုတင်သဘောတူချက်အရ အခြားနှုတ်ယူငွေ (အိမ်လခ၊ ရေဓီးဂတ်စ်ဖိုး)	
ပေးချေငွေ (အထွေထွေစရိတ်များ နှုတ်ယူပြီး)	လစာငွေစုစုပေါင်း - နှုတ်ယူငွေစုစုပေါင်း	

○ ပေးဆောင်ရမည့် အခွန်ငွေများမှာ အောက်ပါအတိုင်း ဖြစ်သည်။

	အခွန်
(ဝင်ငွေခွန်)	ထောက်ပံ့သည့်စုစုပေါင်းငွေပမာဏမှလခမှလွတ်ပြီမိုးခွင့်ပေးသည့်ငွေပမာဏ၊အခြေခံလွတ်ပြီမိုးခွင့်ပေးသည့် ငွေပမာဏ၊ ကျန်းမာရေးအာမခံ ၊ အလုပ်ပင်စင်အာမခံကြေး နှင့် အလုပ်အာမခံကြေးစသည်တို့ကို နှုတ်၍ နှုတ်ပြီးနောက်ကျန်ငွေအပေါ်တွင်အခွန်ဆောင်ရမည်။ (တစ်နှစ်စာ ပေးဆောင်ရမည့် ခန့်မှန်းအခွန်) ယန်း 19 သိန်း 5 သောင်းနှင့်အောက် 5% ယန်း 33 သိန်းနှင့်အောက် 10% - ယန်း 97500 (*) နှစ်နိုင်ငံအခွန်ကောက်ခံမှုသဘောတူစာချုပ် အရ ဝင်ငွေခွန် ကင်းလွတ်ခွင့် ရနိုင်သည့်အခါမျိုးတွင် ပြဋ္ဌာန်းထားသော အသိပေးလွှာပုံစံ စသည်တို့ကို လုပ်ခလစာပေးမည့်သူ မှတစ်ဆင့် အခွန်ရုံးသို့ တင်ပြရန် လိုအပ်ပါသည်။
(စည်ပင်ခွန်)	ပေးဆောင်ရမည့် စည်ပင်ခွန်ကိုသက်ဆိုင်ရာ မြို့ရွာဒေသမှ အကြောင်းကြားလာမည်။ (*) နှစ်နိုင်ငံအခွန်ကောက်ခံမှုသဘောတူစာချုပ် အရ အခွန်ကင်းလွတ်ခွင့် ရနိုင်သည့်အခါမျိုးတွင် ပြဋ္ဌာန်းထားသော အသိပေးလွှာပုံစံ စသည်တို့ကို ဒေသခံအစိုးရထံ တင်ပြရန်လိုအပ်သည်။

賃金計算の知識

実習実施者(企業)からあなたに支払われる毎月の賃金は、支給総額から社会保険料(健康保険料、厚生年金保険料)、雇用保険料、所得税、住民税、場合によっては宿舎費、光熱水道費などが差し引かれたものです。宿舎費や水道光熱費などあなたが定期に負担する費用については、実際に提供を受けるものの内容を理解した上で、実習実施者(企業)との間で合意を得たものであって、かつ当該費用が実費に相当する額その他適正な額の範囲であることが求められます。

なお、労災保険の保険料は、全額使用者が負担しますので、賃金から差し引かれることはありません。

賃金を支払う者は、口座振込みにより賃金を支払う際、あなた(支払いを受ける者)に「賃金計算書」を交付することとされています。「賃金計算書」は大きく、以下の四つから構成されています。

項目	内訳説明	
勤務項目	出勤日数、欠勤日数、労働時間(就業時間)、残業時間など	➡ 支給合計額を計算します。
支給項目	基本給、時間外手当(残業手当)など	
控除項目	社会保険料(健康保険、厚生年金保険)、雇用保険	➡ 控除合計額を計算します。
	税金(所得税、市民税)	
	協定控除(宿舎費、水道高熱費)	
差引支給額 (手取り賃金)	支給合計額—控除合計	

○納付する税額は以下のとおりです。

税　額	
(所得税)	支給総額から給与所得控除額、基礎控除額、健康保険料、厚生年金保険料及び雇用保険料等を差し引き、その差し引き後の金額に該当する税率となる。 [年間税額の目安] 195万円以下 5% 330万円以下 10% −97,500円 (※) 租税条約による所得税の免除を受けようとする場合には、所定の届出書などを賃金の支払い者を経由して税務署に提出する必要があります。
(住民税)	住民税の金額は市区町村から通知された金額 (※) 租税条約による免除を受けようとする場合には、所定の届出書などを地方公共団体に提出する必要があります。

19. ကျန်းမာရေး စစ်ဆေးခြင်း

(စကားလုံးဝေါဟာရ ရှင်းလင်းချက်) 19၊20 ခေါင်းစဉ်အောက်ပါ "အလုပ်သင်ဌာန" ဆိုသည်မှာ "အလုပ်ရှင်" နှင့် အတူတူပင် ဖြစ်သည်။

အလုပ်သမား ဘေးကင်းလုံခြုံရေး ဥပဒေတွင် အလုပ်ရှင်အနေဖြင့် ပုံမှန်ဝန်ထမ်း ခန့်ချိန်တွင် ကျန်းမာရေးစစ်ဆေးခြင်းကို မဖြစ်မနေ လုပ်ဆောင်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ထို့အပြင် ၁နှစ်လျှင် တစ်ကြိမ်(လုပ်ငန်းခွင်အခြေအနေပေါ်မူတည်၍ ၆ လတစ်ကြိမ်)ကျန်းမာရေးစစ်ဆေးခြင်း ပုံမှန် လုပ်ဆောင်ပေးသွားရမည်ဖြစ်ပြီး၊ လုပ်ငန်းခွင် အမျိုးအစားပေါ်မူတည်၍ ပုံမှန် ကျန်း မာရေး စစ်ဆေးခြင်းအပြင် သီးသန့်ဆေးစစ်ခြင်းများ လုပ်ဆောင်ပေးရန်လည်း လိုအပ်သည်။

၎င်းကျန်းမာရေးစစ်ဆေးခြင်းအတွက် ကုန်ကျစရိတ်ကို အလုပ်ရှင်ဘက်မှ အပြည့်အဝ ကျခံပေးရမည် ဖြစ်ပြီး၊ ကျန်းမာရေး အ ခြေအနေ သိရှိရန် ကျန်းမာရေးစစ်ဆေးပေးခြင်းကို မပျက်မကွက် ခံယူကြပါ။

20. အလုပ်သင်ကာလ လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှုမှ ကြိုတင်ကာကွယ်ခြင်း

○ လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေး ဥပဒေတွင် လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသူများ ထိခိုက်ဒဏ်ရာနှင့် ကျန်းမာရေး ထိခိုက်မှု မဖြစ်အောင် အလုပ်ရှင်အနေဖြင့် လုပ်ငန်းခွင်အစီအမံများ အပြည့်အဝ ထားရှိပေးရမည်။ လုပ်ငန်းခွင်တွင် လုပ်ကိုင်သူများ အနေဖြင့်လည်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်း ရှင်းအောင် ချမှတ်ထားသော စည်းကမ်းများ လိုက်နာဆောင်ရွက်ပေး ရမည်။

○ သင့်အနေဖြင့် အောက်ပါအချက်များကို အထူးသတိပြုဆင်ခြင်ပြီး၊ လုပ်ငန်းခွင်အတွင်း မတော်တဆမှုများ မဖြစ်အောင် အထူး အလေးထား လုပ်ဆောင်ရန်အရေးကြီးသည်။ (အသေးစိတ်ကို အလုပ်သင်တန်းတာဝန်ခံထံ မေးမြန်းပါ။)

၁. ချမှတ်ထားသော လုပ်ငန်းခွင် စည်းကမ်းနှင့် လုပ်ကိုင်ပုံအဆင့်ဆင့်ကို လိုက်နာရန်၊

၂. အလုပ်သင်တန်း တာဝန်ခံ၏ ညွှန်ကြားချက်ကို လိုက်နာရန်၊

၃ ဟဲလမတ်ဦးထုပ်၊ မားစ်(နှာခေါင်းပါးစပ်အကာ)နှင့် လုံခြုံရေးခါးပတ်များ သေချာစွာ တပ်ဆင်ရန်၊

၄. အန္တာရယ်ကာအဖုံး၊ လက်ကိုင်တန်း စသော လုံခြုံရေးအကာအကွယ်များ ကိုယ့်သဘောနှင့်ကိုယ် မဖြုတ်ပစ်ရန်၊

○ လုပ်ငန်းခွင်အတွင်း မတော်တဆ ဖြစ်ပွားပါက အောက်ပါအချက်များ သတိပြုဆင်ခြင်ပြီး၊ ဒဏ်ရာရသူနှင့် ပျက်စီးဆုံးရှုံးမှုများ နည်းနိုင်သမျှနည်းအောင် တိကျမှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးရန် အထူးအရေးကြီးသည်။ (အသေးစိတ်ကို အလုပ်သင်တန်း တာဝန်ခံထံ မေးမြန်းပါ။)

၁. တခုခုဖြစ်နေကြောင်း သတိထားမိပါက အသံကျယ်ကျယ် အော်၍ ဘေးပတ်ဝန်းကျင်(အလုပ်သင်နှင့် ဂျပန်လူမျိုးများ)ကို အသိပေးပြီး၊ အလုပ်သင်တန်း တာဝန်ခံထံ သတင်းပို့ရန်၊

၂. လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ အောက်စီဂျင် မလုံလောက်သော အခြေအနေမျိုးတွင် ကူညီကယ်ဆယ်နေသူများပါ အန္တရာယ် ရှိနိုင်သည့်အတွက် တာဝန်ရှိသူ၏ ညွှန်ကြားချက်များကို လိုက်နာပါ၊ တစ်ကိုယ်ကောင်းဆန်သည့် အပြုအမူများကို မပြုလုပ်ပါနှင့်။

၃. ဒဏ်ရာရသူ ကယ်ဆယ်ရေးနှင့် ဆေးကုသရေးကို ဦးစားပေး လုပ်ဆောင်ရန်၊

၄. မည်မျှပင် သေးငယ်သော ဒဏ်ရာဖြစ်ပါစေ အလုပ်သင်တန်းတာဝန်ခံထံ မပျက်မကွက် သတင်းပို့ရန်၊

○ အလုပ်ရှင်မှ လုပ်ငန်းခွင်အန္တရာယ် ကြိုတင်ကာကွယ်ရန် အောက်ပါ (1) မှ (6)အချက်များကို လုပ်ဆောင်ပေးရသည်။

(1) လုပ်ငန်းခွင် လုံခြုံရေးအတွက် အဓိက လုပ်ဆောင်ချက်များ

၁. ထိမိပါက အန္တရာယ်ရှိနိုင်သောနေရာတွင် အဖုံးတပ်ဆင်ခြင်းနှင့် ဘေးပတ်လည် ဖုံးအုပ်ပေးခြင်းကို ပြုလုပ်ပေးရမည်။

* လုံခြုံရေးအတွက် တပ်ထားသော အဖုံးကို မိမိသဘောဖြင့် မဖြုတ်ရပါ။ အဖုံးဖြုတ်ရန် လိုအပ်ပါက တာဝန်ခံထံ သတင်း ပို့ပြီးမှ ဖြုတ်ရမည်။

၂. အန္တရာယ်ရှိသော နေရာသို့ ဝင်ရောက်လုပ်ကိုင်နေချိန်တွင် စက်ကို ရပ်ပေးထားရမည်။

* လုံခြုံရေးအချက်ပေးခလုတ် ဖွင့်ထားပြီး၊ လုပ်ငန်းခွင်မဝင်မီ စက်ပိုင်းဆိုင်ရာ သေသေချာချာ စစ်ဆေးရမည်။

၃. ပစ္စည်းအပိုင်းအစနှင့် သံတိုဖြတ်စများ ပြတ်တောက်လွင့်စင်လာပြီး လုပ်ငန်းခွင် မတော်တဆမှု ဖြစ်ပွားနိုင်သည့်အတွက် စက်၏ဘေးပတ်လည်ကို အဖုံးအကာများ တပ်ဆင်ပေးထားရမည်။

* စက်ပတ်လည် အဖုံးအကာ တပ်ဆင်ပေးရန် မလွယ်ကူပါက လုပ်ငန်းခွင်တွင်း လုပ်ကိုင်နေသူများအား လုံခြုံရေး အကာ အကွယ်များ ဝတ်ဆင်ခိုင်းရမည်။

19. 健康診断

【用語の説明】19，20において「実習実施者」は「使用者」に該当します。



労働安全衛生法では、使用者は、常時使用する労働者を雇い入れるときに、健康診断を行わなければならないとされています。また、使用者は労働者に対し、通常一年に一回（業務の内容によっては半年に一回）定期に健康診断を行わなければなりません。さらに、業務の内容によっては、この定期健康診断以外に特殊健康診断も受診させなければなりません。

これらの健康診断の費用は、使用者が負担します。普段の健康管理のためにも、健康診断は必ず受診するようにしましょう。

20. 技能実習中の労働災害防止

○労働安全衛生法は、仕事が原因となって労働者がケガをしたり、病気になったりしないように、使用者が措置しなければならない義務を定めています。また、労働者は、労働災害を防止するために必要な事項を守り、使用者が行う措置に協力するように定めています。

○あなたは、次の点に留意の上、作業中にケガをしないよう、安全を最優先に細心の注意を払いながら作業を進めていくことが重要です。（詳しくは、技能実習指導員に確認してください。）

①決められた事業場のルールと作業手順を守ること。

②技能実習指導員等の責任者の指示を守ること。

③決められたヘルメット、マスク、安全帯等の保護具等をきちんと着用すること。

④安全カバー、手すり等の安全装置や機器等を勝手に外さないこと。

○また、職場において労働災害の発生等緊急事態が発生した場合には、あなたは次の点に留意の上、迅速で適切な対応を心がけ、人の被害やものの被害を最小限に抑えることが重要です。（詳しくは、技能実習指導員に確認してください。）

①異常を発見したら、大声で周りの人（技能実習生、日本人ほか）に知らせるとともに、技能実習指導員に連絡すること。

②感電、酸素欠乏等の場合には、救助者が被災する二次災害の危険があるため、責任者の指示に従い、勝手な行動をしないこと。

③被災者の救出と手当を優先すること。

④どんなに小さなケガでも技能実習指導員に報告すること。

○使用者は、労働災害を防止するために、次に示す（1）から（6）の措置を行っています。

（1）実習現場での主な安全対策

①接触すると、危険な箇所に安全カバー・囲いを取り付けることとなっています。

＊安全カバーを外さないこと。外す必要がある場合は指導員に連絡してください。

②危険な箇所に体の一部が入る場合は、入っている間機械が作動しないようにすることとなっています。

＊安全装置を無効にしない。作業前には、点検を徹底してください。

③加工物などが切断・欠損して飛来したり、切削屑が飛来したりして、労働者に危険を及ぼすおそれのあるときは、機械に覆いや囲いを設けることとなっています。

＊機械に覆いや囲いを設けることが難しい場合は、労働者は保護具を使用しなければなりません。

၄. စက်ပစ္စည်းများ စစ်ဆေးခြင်း၊ပြုပြင်ထိန်းသိမ်းခြင်း၊သန့်ရှင်းရေး ပြုလုပ်ခြင်း၊ဆီဖြည့်ခြင်းများ မပြုလုပ်မီ မီးခလုတ် ပိတ်ပြီး စက်လည်ပတ်မှု မရှိကြောင်း သေချာစွာ စစ်ဆေးရမည်။

＊စက်ပစ္စည်း စစ်ဆေးခြင်း၊ပြုပြင်ထိန်းသိမ်းခြင်း၊သန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် ဆီဖြည့်ခြင်းတို့ကို မိမိသဘောဖြင့် မပြုလုပ်ရပါ။ သင်တန်းတာဝန်ခံရှေ့တွင် လုပ်ဆောင်ရပါကလည်း မီးခလုတ် သေချာပိတ်ပြီး စက် လုံးဝရပ်တန့်မှသာ လုပ်ဆောင်ရမည်။

၅. မတော်တဆ လိမ့်ကျနိုင်သည့်နေရာမျိုးတွင် လက်ကိုင်တန်း တပ်ဆင်ပေးရမည်။

＊လက်ကိုင်တန်း တပ်ဆင်မထားပါက သင်တန်းတာဝန်ခံအား အကြောင်းကြားပြီး၊ လက်ကိုင်တန်း တပ်ဆင်ပြီးသည် အထိ လုပ်ငန်းခွင် ခေတ္တရပ်နားထားရမည်။

＊မတော်တဆ လိမ့်ကျနိုင်သည့် လုပ်ငန်းခွင်မျိုးတွင် လက်ကိုင်တန်းနှင့် ခြေနင်းခုံ တပ်ဆင်ပေးရန် မလွယ်ကူပါက လုံခြုံရေး ခါးပတ်ပတ်ပြီးလုပ်ကိုင်ရမည်။

၆. ဂေဟဆက်လုပ်ငန်းခွင်တွင် လုပ်ကိုင်သူများအနေဖြင့် လုံခြုံရေးမျက်မှန်နှင့် လက်အိတ်များ တပ်ဆင်အသုံးပြုရမည်။

၇. အဆိပ်ဓာတ်ငွေ့သုံး ဂေဟဆက်လုပ်ငန်းတွင် လုပ်ငန်းအမျိုးအစားအလိုက် လုံခြုံရေးအဝတ်အစား၊ လုံခြုံရေးမျက်မှန်၊ အောက်ဆီဂျင် နှာခေါင်းပါးစပ်အုပ်အကာ စသဖြင့် သင့်လျော်သော လုံခြုံရေးအကာအကွယ်များ ဝတ်ဆင်ရမည်။

(2) လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးသင်တန်း

လုပ်ငန်းခွင်အတွင်း လုံခြုံဘေးကင်းစွာ လုပ်ကိုင်နိုင်ရန်အတွက် သတိပေးစာတန်းများ၊ ကျင့်သုံးရမည့် အစီအမံများ ချမှတ်ထားသော်လည်း၊ ဝင်ရောက်လုပ်ကိုင်နေသူများအနေဖြင့် လုံခြုံဘေးကင်းရေးဆိုင်ရာ အသိပညာ နည်းပါးပါက မည်သို့ပင် ဘေးကင်းလုံခြုံရေးအစီအမံများ မြှင့်တင်ပါဝင်သော်လည်း အကျိုးမထူးနိုင်ပေ။ ယင်းအတွက်ကြောင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး အတွက် ဘေးကင်းလုံခြုံရေး သင်တန်းမှာ အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။



ဥပဒေစည်းမျဉ်းစည်းကမ်း

၁. အလုပ်စဝင်ချိန် သင်တန်းပေးခြင်း၊

၂. လုပ်ကိုင်ပုံ နည်းစနစ်အသစ် ပြောင်းချိန်တွင် သင်တန်းပေးခြင်း၊

အလုပ်သင်များ အလုပ်စဝင်ချိန်နှင့် လုပ်ကိုင်ပုံ နည်းစနစ်အသစ် ပြောင်းချိန်တွင် ၁ အလုပ်ရှင်မှ စက်ပစ္စည်းနှင့် ကုန်ကြမ်းအသုံးပြုပုံ၊ ၂. ဘေးကင်းလုံခြုံရေး အချက်ပေးခလုတ်နှင့် အကာအကွယ်များ အသုံးပြုပုံ၊ ၃ အလုပ်သင်၏ လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးအတွက် ဘေးကင်းလုံခြုံရေးသင်တန်းများ ပို့ချပေးရမည်။

အလုပ်စဝင်ချိန်နှင့် လုပ်ငန်းခွင် လုပ်ကိုင်ပုံနည်းစနစ်သစ် ပြောင်းချိန်တွင် လုံခြုံရေး အသိပညာပေး သင်တန်းပို့ချပေးခြင်း

၁. အန္တရာယ်ရှိပြီး အဆိပ်ရှိနိုင်သော စက်ပစ္စည်းနှင့် ကုန်ကြမ်းများ အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရန် သင်ကြားပြသပေးခြင်း။

၂. လုံခြုံရေးခါးပတ်၊ အဆိပ်ငွေ့အကာအကွယ်နှင့် ဘေးကင်းလုံခြုံရေး အကာအကွယ် ပစ္စည်းများ အသုံးဝင်ပုံနှင့် အသုံးပြုပုံအား သင်ကြားပြသပေးခြင်း။

၃. လုပ်ကိုင်ပုံအဆင့်ဆင့်အား သင်ကြားပြသပေးခြင်း။

၄. လုပ်ငန်းခွင် မတိမ့် ပြုလုပ်ရမည့် စစ်ဆေးချက်များ သင်ကြားပြသပေးခြင်း။

၅. လုပ်ငန်းခွင်မှတဆင့် ဖြစ်ပွားနိုင်သော ရောဂါအမျိုးအစားနှင့် ကြိုတင်ကာကွယ်ရေး နည်းလမ်းအား သင်ကြားပြသပေးခြင်း။

၆. လုပ်ငန်းခွင် အစဉ် သန့်ရှင်းသပ်ရပ်မှု ရှိအောင် သင်ကြားပြသခြင်း။

၇. လုပ်ငန်းခွင် မတော်တဆဖြစ်ပွားချိန် လုပ်ဆောင်ရမည့် ရှေးဦးသူနာပြုစုနည်းနှင့် ထွက်ပြေးတိမ်းရှောင်နည်းများ သင်ကြားပြသပေးခြင်း။

၈. အထက်ပါနံပါတ်စဉ်တွင် ဖော်ပြထားသော အကြောင်းအရာများအပြင် လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးအတွက် အခြားလိုအပ်သော အကြောင်းအရာများ။

၃. အထူးသင်တန်း

အန္တရာယ်ရှိပြီး အဆိပ်သင့်နိုင်သော လုပ်ငန်းခွင်တွင် လုပ်ကိုင်သူများအတွက် အထူးသင်တန်း တက်ရောက်ရန် လိုအပ်သည်။

④機械の点検・修理・清掃・給油等の場合は、スイッチを切って機械が止まっていることを確認してから行ってください。

＊機械の点検・修理・清掃・給油等の非定常作業は、勝手に行わないこと。指導員の指導の下で行う場合でもスイッチを切って機械等が完全に止まってから行うこと。

⑤墜落危険場所には手すりを設置することになっています。

＊手すりがない場合は指導員に連絡し、その間、立入・作業を止めて下さい。

＊墜落危険場所に足場や手すりなどを設けることが困難な場合、労働者は安全帯を使用しなければなりません。

⑥溶接の作業をする場合には、労働者は保護眼鏡と保護手袋を着用しなければなりません。

⑦有害な有機溶剤を取り扱う業務では、その業務の内容に応じて、労働者は保護衣、保護眼鏡、呼吸用保護具など適切な保護具を着用しなければなりません。

（2）安全衛生教育

事業場においては、安全に業務を遂行するために注意事項や基本ルールなどが定められていますが、実際に作業を行う労働者が安全についての知識や技能を十分に有していないと、いくら安全対策を講じても効果を上げることはできません。このため、安全に関する知識を付与する安全教育は労働災害を防止する上で大変重要なものです。



①雇入れ時教育、②作業内容変更時教育

使用者は技能実習生を雇い入れた時や技能実習の作業内容を変更したときには、①機械や原材料などの取り扱い方法、②安全装置や保護具等の取扱い方法、③作業内容など、技能実習生の安全衛生の確保に必要な事項について、安全衛生教育を実施しなければならないとされています。

雇入れ時、作業内容変更時の安全衛生教育項目

①機械等、原材料等の危険性又は有害性及びこれらの取扱い方法に関すること
②安全装置、有害物抑制装置又は保護具の性能及びこれらの取扱い方法に関すること
③作業手順に関すること
④作業開始時の点検に関すること
⑤当該業務に関して発生するおそれのある疾病の原因及び予防に関すること
⑥整理・整頓及び清掃の保持に関すること
⑦事故時等における応急措置及び退避に関すること
⑧前各号に掲げるもののほか、当該業務に関する安全又は衛生のために必要な事項

③特別教育

また、危険・有害な業務に従事する場合は、特別教育を受講する必要があります。

အထူးသင်တန်း တက်ရောက်ရန် လိုအပ်သော လုပ်ငန်းအမျိုးအစား

- ကရိန်း (၁နှစ်မျိုတန်ချိန် ၅-တန်အောက်) မောင်းနှင်ခြင်း၊
- ရွှေ့လျားကရိန်း (၁နှစ်မျိုတန်ချိန် ၁-တန်အောက်) မောင်းနှင်ခြင်း၊
- ပစ္စည်း တင်မချိတ်ဆွဲခြင်း (၁-တန်အောက် ကရိန်းနှင့် ရွှေ့လျားကရိန်း)
- ဖော့ကလစ်ကားကဲ့သို့သော စက်ပစ္စည်း (တန်ချိန်အများဆုံး ၁-တန်အောက်) မောင်းနှင်ခြင်း၊
- ပရက်နင်းစက်၏ သံထည်မှိုများ ဖြုတ်တပ်ချိန်ညှိခြင်း
- အက်ဂဟေစက်ဖြင့် သတ္တုဂဟေဆက်ခြင်း
- အမြင့်ကြီးတန်းတက်၍ လုပ်ကိုင်ရသော လုပ်ငန်း

(3) လုပ်ငန်းခွင်ဆိုင်ရာ အောင်လက်မှတ်

အောင်လက်မှတ်မရှိပါက လုပ်ကိုင်ခွင့်မရှိသောလုပ်ငန်းများ သတ်မှတ်ထားသည်။ ယင်းလုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်လိုပါက လိုင်စင်နှင့် သင်တန်းဆင်းလက်မှတ်များ ရှိရမည်။

ကန့်သတ်ထားသော လုပ်ငန်းအမျိုးအစားများ

- ကရိန်း (၁နှစ်မျိုတန်ချိန် ၅-တန်နှင့်အထက် ပစ္စည်းများ မ တင်ရွှေပြောင်းစက်) မောင်းနှင်ခြင်း
- ရွှေ့လျားကရိန်း (၁နှစ်မျိုတန်ချိန် ၁-တန်နှင့်အထက်နှင့် ၅တန်အောက်)မောင်းနှင်ခြင်း
- ပစ္စည်း တင်မချိတ်ဆွဲခြင်း (၁-တန်နှင့်အထက် ကရိန်းနှင့် ရွှေ့လျားကရိန်း)
- ဖော့ကလစ်ကားကဲ့သို့သော စက်ပစ္စည်း (တန်ချိန်အများဆုံး ၁-တန်နှင့်အထက်) မောင်းနှင်ခြင်း၊
- ဂတ်စ်အရည်သုံး ဂဟေဆက်ခြင်း၊
- မော်တော်ယာဉ်နှင့် ဆောက်လုပ်ရေးသုံး စက်ပစ္စည်းများ မောင်းနှင်ခြင်း၊
- အမြင့်နေရာသုံးယာဉ် မောင်းနှင်ခြင်း

(4) အလုပ်ယူနီဖောင်းဝတ်ဆင်ရန် သတိပြုရမည့်အချက်

ဆံပင်နှင် ခန္ဓာကိုယ်မှ အဝတ်အစားများ စက်ထဲ ညှပ်မပါသွားစေရန် သတ်မှတ်ထားသော ယူနီဖောင်းနှင့် ခေါင်းဆောင်းများ ဝတ်ဆင်ကြရမည်။ ယူနီဖောင်းများ သေချာကျနစွာ ဝတ်ဆင်ခြင်းမရှိပါက ရှေ့တွင်ဖော်ပြသွားမည့် မတော်တဆမှုများ ဖြစ်ပွားနိုင်သည်။

- ခေါင်းမှ ဆံပင်များ ညှပ်ပါသွားနိုင်ခြင်း - အဝတ်အစားများ ညှပ်ပါသွားနိုင်ခြင်း - ခလုတ်တိုက်မိခြင်း

အဆိုပါ မတော်တဆဖြစ်ပွားမှုများ ကြိုတင်ကာကွယ်ရန်အတွက် ယူနီဖောင်း၊ ခေါင်းဆောင်းနှင့် ဖိနပ်များ မှန်မှန်ကန်ကန် ဝတ်ဆင်ရန် သတိပြုကြပါ။

ထို့အပြင် လည်နေသော ဓားသွားအတွင်း လက်ညှပ်ဝင်နိုင်သော လုပ်ငန်းခွင်မျိုးတွင် လက်အိတ်စွပ်ရန် မမေ့ကြပါနှင့်။

(5) ဘေးကင်းလုံခြုံရေး ခါးပတ်နှင့် အကာအကွယ်များ

ဘေးကင်းလုံခြုံရေး ခါးပတ်နှင့် အကာအကွယ်များသည် အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် သင့် ခန္ဓာကိုယ်ကို အတန် အသင့် ကာကွယ်ပေးမည့် အရာများဖြစ်သည်။ လုပ်ငန်းခွင် အမျိုးအစားအလိုက် အဆိုပါ လုံခြုံရေးနှင့် အကာအကွယ်များ မတပ်မနေရ တပ်ဆင်ရန် ဥပဒေအရ သတ်မှတ်ထားသည့်အတွက် လူပ်ရှားရ ခက်ခဲသည်ဟုဆိုကာ ဖြုတ်ပစ်ခြင်းများ လုံးဝမပြု လုပ်ကြပါနှင့်။

特別教育が必要な業務

・クレーン（つり上げ荷重5トン未満のもの）の運転
・移動式クレーン（つり上げ荷重1トン未満のもの）の運転
・玉掛作業（つり上げ荷重1トン未満のクレーン、移動式クレーンに係るもの）
・フォークリフト等荷役運搬機械（最大荷重1トン未満のもの）の運転
・動力プレスの金型等の取付け、取外し、調整
・アーク溶接機を用いる金属の溶接
・ロープ高所作業　など

(3) 就業に関する資格

資格を持たないと就労させることができない業務が定められています。こうした就業制限業務に従事する場合には、免許の取得や技能講習の修了などの資格が必要となります。

就業制限業務

・クレーン（つり上げ荷重5トン以上の床上操作式のもの）の運転
・移動式クレーン（つり上げ荷重1トン以上5トン未満のもの）の運転
・玉掛作業（つり上げ荷重1トン以上のクレーン、移動式クレーンに係るもの）
・フォークリフト等荷役運搬機械（最大荷重1トン以上のもの）の運転
・ガス溶接等
・車両系建設機械の運転
・高所作業車の運転　など

(4) 作業服装の留意点

機械に髪の毛や衣服が巻き込まれるおそれのあるときは、作業帽や作業服を着用することとなっています。作業服の乱れは次のような災害を引き起こします。

・頭髪の巻き込まれ　・衣類の巻き込まれ　・つまづき

これらの災害を防ぐためにも作業服や作業帽を正しく身につけ、安全靴などの履物を正しく履くよう心がけましょう。

なお、回転する刃物に労働者の手が巻き込まれるおそれのあるときは、手袋を使用しないこととなっていますので気を付けましょう。

(5) 安全装置と保護具

安全装置や保護具は、危険を伴う作業であなたの身を守る最低限のものです。作業によっては使用を義務付けられていますので、作業がしにくいから外してしまうことは、絶対にしないようにしましょう。

(6) ဘေးကင်းလုံခြုံရေး လမ်းညွှန်

ဘေးကင်းလုံခြုံရေး လမ်းညွှန်တွင် အွန္တရာယ်သတိပေးရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် သတိပေးစာနှင့် သင်္ကေတများ သုံး၍ လမ်းညွှန်ပေးသည့်အတွက် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာ ကြုံတင်ကာကွယ်ရေးအတွက် အထောက်အကူ ပြုနိုင်သည်။

ဆေးလိပ်မသောက်ရ

မကိုင်ရ

မီးသတိပြု

မဝင်ရ

သတိ

ဓာတ်လိုက်တတ်သည်

ခလုတ်တိုက်တတ်သည်

ခေါင်းတိုက်တတ်သည်

ဘေးကင်းလုံခြုံရေးခါးပတ် ပတ်ရန်

ဟဲလမတ်ဦးထုပ်ဆောင်းရန်

အရေးပေါ်ထွက်ပေါက်

မီးသတ်ဘူး

21. ဂျပန်နိုင်ငံတွင်း နေထိုင်စားသောက်မှု

(1) လမ်းစည်းကမ်း

○ အခြေခံလမ်းစည်းကမ်း



- လမ်းသွားလမ်းလာ ⇒ ညာဘက်ကပ်လျှောက်
- မော်တော်ကား၊စက်ဘီး၊ ဆိုင်ကယ် ⇒ ဘယ်ဘက်ကပ်မောင်း
- မီးပွိုင့်နှင့် လမ်းညွှန်အမှတ်အသားများကို လိုက်နာပါ။

(6) 安全衛生標識

安全衛生標識は、危険な場所の警告や安全な方向に誘導するために、文字や記号を用いて知らせる役割を持っていますので、安全衛生標識もまた労働災害を防止する手段の一つと言えます。

禁煙

接触禁止

火気厳禁

立入禁止

一般注意

感電注意

障害物注意

頭上注意

安全帯使用

保護帽着用

緊急脱出口

消火器

21. 日本での生活

(1) 交通ルール

■基本的な交通ルール



・歩行者 ⇒ 右側通行
・自動車、自転車、自動二輪 ⇒ 左側通行
・信号機と道路標識に従ってください。

○ လမ်းသွားလမ်းလာ စည်းကမ်း

- ခြေလျင်လျှောက်သူသည် လူသွားလမ်းနှင့် လမ်းဘေးလျှောက်လမ်း ဒရိုယာရှိပါက ထိုနေရာကိုအသုံးပြုပါ။
- လမ်းဖြတ်ကူးချိန်တွင် မီးပွိုင့်ရှိသည့်လမ်းဆုံနှင့် လူကူးမျဉ်းကြားများမှ ဖြတ်ကူးပါ။
- မီးပွိုင့်ရှိသည့်လမ်းဆုံနှင့် လူကူးမျဉ်းကြားများ အနီးတွင်မရှိသည့် လမ်းကို ဖြတ်ကူးရာတွင် လမ်းကို ကောင်းစွာမြင်နိုင်သည့်နေရာမှ မကူးခင်တွင် တစ်ကြိမ်ရပ်တန့်ပြီး ဘယ်ညာနှစ်ဘက်ကို သေချာစွာ စစ်ဆေးကြည့်ရှုပြီး မော်တော်ယာဉ်များ ချဉ်းကပ်မလာသည်ကို အတည်ပြုကြပါစို့။

○ စက်ဘီး စည်းကမ်း

- စက်ဘီးကို ကားလမ်းတွင် ဘယ်ဘက်ကပ်၍ ရှေ့နောက်တန်းစီ စီးပါ။
- စက်ဘီးစီးနင်းခွင့် လမ်းညွှန်ဆိုင်းဘုတ်ရှိရာသာ လမ်းတွင်စီးနင်းခွင့် ရှိသည်။ သို့သော် ခြေလျင်လျှောက်သူ၏ သွားလာမှုကို အနှောက်အယှက်မဖြစ်စေရန် ကားလမ်းဘက်မြမ်းကို ကပ်၍ စီးပါ။
- လူတင်စီးခြင်း၊ ညဘက်မီးမဖွင့်ဘဲ စီးခြင်း၊ အရက်မူးပြီး စီးခြင်း၊ ဖုန်းပြောယင်း လက်တဘက်တည်းဖြင့် စက်ဘီးစီးခြင်းများ မပြုလုပ်ရပါ။

○ ယာဉ်မောင်းလိုင်စင်

မော်တော်ယာဉ်(မော်တော်ဆိုင်ကယ်အပါအဝင်)၊ စက်တပ်စက်ဘီး(ခြေနင်းပါစက်တပ်စက်ဘီး (မိုပက်(moped) ဟုလူသိများသည့်ယာဉ်)အပါအဝင်) စသည်များကို မောင်းနှင်ရာတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဥပဒေအရ ယာဉ်မောင်းလိုင်စင် ယူဆောင်သွားရန် လိုအပ်ပါသည်။

ကားအမျိုးအစား	လိုင်စင် လို (○)・မလို (×)
ကား	○
မော်တော်ဆိုင်ကယ်	○ (※)
စက်တပ်ခြေနင်းစက်ဘီး	○ (※)
မော်တာတပ်ခြေနင်းစက်ဘီးများ (အခြားအမည် မော်တာတပ်စက်ဘီး)	×
စက်ဘီး	×

※ မိခင်နိုင်ငံတွင် ယာဉ်မောင်း လိုင်စင်မှာ မလိုသော်လည်း ဂျပန်နိုင်ငံတွင် လိုင်စင်လိုအပ်သည်။

○ မီးပွိုင့်
မော်တော်ယာဉ်နှင့် ခြေလျင်လျှောက်သူများအတွက် မီးပွိုင့် သီးသန့် နစ်မျိုးခွဲထားသည်။

ကား မီးပွိုင့်

အစိမ်းရောင် (သွား)
အဝါရောင် (သတ်မှတ်နေရာတွင်ရပ်ရန်။ သို့သော် အန္တရာယ်ကင်းစွာ ရပ်တန့်ရန် မဖြစ်နိုင်ပါက ဆက်သွားနိုင်သည်။)
အနီရောင် (ရပ်)

■歩行者のルール

・歩行者は、歩道や路側帯があるところでは、これらを利用してください。
・道路を横断するときは、信号機のある交差点や横断歩道を横断してください。
・信号機のある交差点や横断歩道が近くにない道路を横断するときは、道路がよく見渡せる場所で、渡る前に一度立ち止まり左右をよく確認して、車が近づいてこないことを確かめましょう。

■自転車のルール

・自転車は、車道を、左端に沿って一列で通行してください。
・自転車通行可の道路標識がある歩道では通行することができます。ただし、歩行者の通行の妨げにならないように車道寄りを徐行してください。
・二人乗り、夜間の無灯火、飲酒運転、携帯電話を使用しながらの片手運転はしないでください。

■運転免許
自動車(自動二輪車を含む)、原動機付自転車(ペダル付きの原動機付自転車(通称モペット(moped)を含む)などを運転するためには、道路交通法による運転免許の携帯が必要です。

車種	免許証の要(○)・否(×)
自動車	○
自動二輪車	○ (※)
原動機付き自転車	○ (※)
駆動補助機付自転車(通称電動アシスト自転車)	×
自転車	×

※母国では運転免許が不要の場合であっても日本では必要です。

■信号機
信号機には歩行者用と自動車用の2種類があります。

自動車用信号機

青緑色　(進んでもよい)
黄色　(停止位置で止まれ。ただし、安全に止まれない時は、そのまま進むことができる。)
赤色　(進んではいけない。)

ခြေလျင်လျှောက်သူများအတွက် မီးပွိုင့်

အနီရောင် (သွားလို့မရပါ)
အစိမ်းရောင် (သွားလို့ရ)
*မှိတ်တုတ် မှိတ်တုတ် ဖြစ်နေသည့်အချိန်တွင် လမ်းဖြတ်မကူးရ။

○လမ်းစည်းကမ်း အမှတ်အသားများ

ခြေလျင်လျှောက်သူလမ်းဖြတ်မကူးရ

ခြေလျင်သမားများ
လမ်းဖြတ်ကူးခြင်းကို တားမြစ်သည့်
အမှတ်အသားဖြစ်ပါသည်။
လမ်းဖြတ်ကူးလိုပါက
လူကူးမျဉ်းကြားအား အသုံးပြုပါ။

လူကူးမျဉ်းကြား

ခြေလျင်သမားများအတွက်
လမ်းဖြတ်ကူးမည့်နေရာကို
သတ်မှတ်ထားသော
အမှတ်အသားဖြစ်သည်။
လမ်းဖြတ်ကူးသည့်အချိန်တွင်
ဤနေရာမှ ဖြတ်ကူးပါ။

မော်တော်ယာဉ်များသာ

မော်တော်ယာဉ်များသာ
ဖြတ်သန်းမောင်းနှင်နိုင်သည်။
ခြေလျင်သမား နှင့် စက်ဘီး၊ ၁၂၅
စီစီနှင့်အောက် နှစ်ဘီးတပ်ယာဉ်များ
ဖြတ်သန်း မောင်းနှင့်ခွင့် မရှိပါ။

စက်ဘီးနှင့် ခြေလျင်လျှောက်သူများသာ

ခြေလျင်သမားနှင့် ပုံမှန်စက်ဘီး
များ အွန်နရယ်ကင်းစွာ
ဖြတ်သန်းသွားလာနိုင်ရန် အတွက်
ပုံမှန်စက်ဘီးမဟုတ်သည့်
အခြားယာဉ်များ ဖြတ်သန်းခြင်းကို
တားမြစ်သည့် အမှတ်အသားဖြစ်သည်။
သို့သော်လည်း ပစ္စည်းပို့သော
အစရှိသည့်ကားများမှာ
ခြေလျင်သမားများ အသုံးပြုသည့်
လမ်းကို ဖြတ်သန်းမောင်းနှင်နိုင်သည့်
အတွက် သတိပြုပါ။

(2) နေထိုင်စားသောက်မှုအတွက် လိုက်နာစောင့်ထိန်းရမည့် စည်းမျဉ်းစည်းကမ်းများ

ဂျပန်နိုင်ငံနှင့် သင်တို့၏နိုင်ငံကြား လူနေမှုဘဝ ဓလေ့ထုံးစံနှင့် အမြင်များ မတူညီနိုင်ပါ။ ဂျပန်တို့၏ စည်းကမ်း၊ အမူအကျင့် တို့ကို နားလည်သိရှိပါက စိုးရိမ်ကြောင့်ကြရန် မလိုပါ။

ထို့ကြောင့် ဂျပန်နိုင်ငံ၏ လူနေမှုပုံစံနှင့် ယဉ်ကျေးမှုများ မြန်မြန် သိရှိနားလည်အောင် ကြိုးစားကြပါ။

○ အမှိုက်စွန့်ပစ်ပုံ
- ဒေသအလိုက် အမှိုက်စွန့်ပစ်ရန် သတ်မှတ်စည်းကမ်းများ ကွဲပြားခြားနားသည်။
- အမှိုက်များကို အမျိုးအစား ခွဲခြားပြီး သတ်မှတ်နေ့ရက် အချိန်များတွင် စွန့်ပစ်ကြပါ။

အမှိုက်အမျိုးအစား ခွဲပုံ (ဥပမာ)
- မီးဖိုချောင်အမှိုက်- အမှိုက်အစို၊ စက္ကူအပိုင်းအစများ
- မီးရှို့ဖျက်ဆီးမှု မပြုနေသောအမှိုက်များ- ဖန်ထည်၊ ကြွေထည်နှင့် သတ္တုထည်များ
- အရွယ်အစားကြီးအမှိုက်များ- ပရိဘောဂ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းနှင့် စက်ဘီး စသည်
- ပြန်လည်အသုံးချအမှိုက်များ- သံဗူးခွံ၊ ပုလင်းခွံ၊ ပလတ်စတစ်နှင့် စက္ကူဟောင်းများ

歩行者用信号機

赤色（進んではいけない）
青緑色（進んでもよい）
※点滅しているときに、道路の横断を始めてはいけません。

■道路標識

歩行者横断禁止

歩行者の横断を禁止する標識です。近くの横断歩道などを利用しましょう。

横断歩道

歩行者の横断場所を指定する標識です。道路を横断するときはこの場所で渡りましょう。

自動車専用

自動車専用の道路を示す標識です。歩行者や自転車、排気量125ｃｃ以下の自動二輪車等は通行できません。

自転車及び歩行者専用

歩行者と普通自転車の安全な通行を確保するため、普通自転車以外の車両の通行を禁止する標識です。ただし、配達などの車が歩行者用道路を通行する場合もありますので気をつけましょう。

(2) 生活上のルール・マナー

あなたの国と日本では生活習慣や価値観など違うことがありますが、日本と違うのは当たり前のことです。日本のルールやマナーを知れば心配する必要はありません。

日常生活のルールやマナーを早く覚えましょう。

■ゴミの出し方
- 地域によってゴミ出しのルールが決められています。
- ゴミは分別し決められた日時に捨てましょう。

ゴミの分別の種類（例）
- 可燃ゴミ：生ゴミ、紙くずなど
- 不燃ゴミ：ガラス、陶磁器類、金属製品など
- 粗大ゴミ：家具、電気製品、自転車など
- 資源ゴミ：缶類、ビン類、プラスチック類、古紙類など

○ ရထား၊ဘတ်စ်ကား အသုံးပြုပုံ

- တန်းစီပြီးမှ စီးပါ။
- ရထားနှင့် ဘတ်စကားထဲတွင် စကားသံကျယ်လောင်စွာ ပြောဆိုခြင်း၊ လက်ကိုင်ဖုန်း ပြောခြင်းများ မပြုလုပ်ရပါ။

○ နေထိုင်ရာအိမ်တွင်း သတိပြုရမည့် အချက်များ

- ဆူညံစွာအော်ဟစ်ခြင်း၊ ကျယ်လောင်စွာ သီချင်းဖွင့်နားထောင်ခြင်း သည် ပတ်ဝန်းကျင် အနှောက်အယှက် ဖြစ်စေသည်။
- အထူးသဖြင့် ညအိပ်ချိန်များတွင် ပြဿနာမဖြစ်အောင် ဆင်ခြင်ပါ။
- သေသပ်သန့်ရှင်းစွာ နေထိုင်ပြီး၊ မကြာခဏ သန့်ရှင်းရေး ပြုလုပ်ခြင်း ဖြင့် မိမိပတ်ဝန်းကျင်ကို သန့်သန့်ရှင်းရှင်း ဖြစ်အောင် ထားပေးကြပါ။
- ချက်ပြုတ်ရာတွင် လေဝင်ထွက်ကောင်းအောင် သတိပြုပြီး၊ မီးသတိပြု စစ်ဆေးသည့် အလေ့အထကို ပြုလုပ်ပေးကြပါ။
- မီးဖိုချောင်သုံးပစ္စည်းများ၊ လျုပ်စစ်ပစ္စည်းများနှင့် ဂက်စ်မီးဖို စသည် တို့ကို မှန်မှန်ကန်ကန် အသုံးပြုပေးကြပါ။

(3) ကျန်းမာရေးဆိုင်ရာ အသိပေး

၁ ကျပန်ရာသီဥတုကို အကျင့်ရဖို့

ကျပန်နိုင်ငံမှာ နွေဦး (၃-လမှ ၅-လပိုင်းထိ)၊ နွေ (၆-လမှ ၈-လပိုင်းထိ)၊ ဆောင်းဦး (၉-လမှ ၁၁-လပိုင်းထိ)၊ ဆောင်း (၁၂ လမှ ၂ လပိုင်းထိ)ဆိုပြီး ၄ရာသီရှိပါသည်။ ဒေသတခုချင်းအလိုက် အပူချိန်များ မတူညီကြပဲ နွေရာသီမှာ ၃၀ ဒီဂရီ စင်တီ ဂရီတ်ကို ကျော်လွန်ပြီး ပူလောင်အိုက်စပ်ဝင်းကာ၊ ဆောင်းရာသီမှာတော့ သုညဒီဂရီ စင်တီဂရိတ်အောက်ထိ ရောက်အောင် အေး တတ်သည်။ ရာသီဥတုနှင့် ကိုက်ညီမည့် အဝတ်အစားများ ရွေးချယ်ဝတ်ဆင်ခြင်းဖြင့် အပူ၊ အအေးဒဏ်ကို ကာကွယ်ကြပါ။

ထို့အပြင် ရာသီအပြောင်းတွင် အပူချိန် အနိမ့်အမြင့် များလွန်းပြီး နေမကောင်းထိုင်မသာ အဖြစ်များကြသည်အတွက် အမြဲတမ်း သတိပြုဆင်ခြင်နေထိုင် သွားကြပါ။

၂ အစားအသောက်ကို ကောင်းကောင်း စားပါ

ကျပန်အစားအသောက်နဲ့ အဆင်မပြေသူများလည်း ရှိနိုင်ပြီး၊ မနက်စာ၊ နေ့လည်စာ၊ ညစာတို့ကို ပုံမှန်စား သောက်ခြင်းသည် ကိုယ်ခန္ဓာကျန်းမာရေးအတွက် အခြေခံအရေးကြီးသည်။ ကျပန်အစားအသောက်များဟာ ကျပန်နိုင်ငံ ရာသီဥတု၊နေထိုင်မှုပုံစံနှင့် လိုက်လျော ညီထွေအောင် ဖန်တီးထားသော အစားအစာများဖြစ်သောကြောင့် တဖြည်းဖြည်းချင်း စားတတ်လာအောင် ကြိုးစားကြပါ။ ထို့အပြင် တခါတရံ ကိုယ့်နိုင်ငံ၏ ဟင်းလျာများ ချက်ပြုတ်ပြီး အလုပ်သင်အချင်းချင်း စုပေါင်း စားသောက်ခြင်းဖြင့် လန်းဆန်းတက်ကြွအောင် ပြုလုပ်ပါ။

နေ့တိုင်း ပုံစံတူ အစားအသောက်ဟင်းလျာများ စားသုံးခြင်းဟာ ရောဂါရရစေမည့် အကြောင်းရင်းတစ်ခုဖြစ်ပြီး၊ အာဟာရမျှတအောင် စဉ်းစားချင့်ချိန် စားသောက်ကြရန် လိုသည်။

၃ အိပ်ချိန်စားချိန်နှင့် နေထိုင်မှု ပုံစံ

လုံလုံလောက်လောက် အိပ်စက်အနားမယူပါက နေ့စဉ်ဘဝလှုပ်ရှားမှုကိုသာမက အလုပ်သင်တန်းပါ ထိခိုက်လာမည်။ ထို သို့ မဖြစ်အောင် မနက်ပုံမှန်အိပ်ယာထ၊ ဂရုတစိုက်မနက်စာစား၊ တစ်နေ့တာ သင်ကြားမှုကို အားရုံစူးစိုက် လုပ်ဆောင်ပြီး ည ဘက် လုံလုံလောက်လောက် အိပ်စက်အနားယူကြပါ။ ညည့်နက်သည်ထိ ကွန်ပြူတာ၊ တီဗီ၊ လက်ကိုင်ဖုန်းများ အချိန်ကြာမြင့် စွာ ကြည့်ရှုလျှင် မျက်စိကြောင်ပြီး မအိပ်ချင်သည့်အတွက် အတော်အသင့်သာ အသုံးပြုကြပါ။

မှန်ကန်သည့် နေထိုင်မှုပုံစံကို ဖန်းတီးပြီး ကျပန်နိုင်ငံ၏ လူနေမှုပုံစံထဲ အံဝင်ဂွင်ကျဖြစ်လာအောင် ကြိုးစားကြပါ။

၄ တကိုယ်ရည် သန့်ရှင်းမှုကို ဂရုစိုက်ပါ

လက်ဆေးခြင်း၊ ခံတွင်း ပလုတ်ကျင်းခြင်းဖြင့် အများနှင့် တုပ်ကွေးတို့အပြင် အခြားကူးဆက်ရောဂါတို့ကို ကာကွယ်နိုင်သည့် အတွက် အပြင်မှ ပြန်လာသည့်အခါတွင် လက်ဆေးခြင်း၊ ပလုတ်ကျင်းခြင်းတို့ကို အကျင့်ရရန်အောင် ပြုလုပ်ပေးကြပါ။

ထို့အ ပြင် အိမ်သန့်ရှင်းခြင်း၊ အိပ်ယာခင်းလဲခြင်း၊ စောင်နေလုန်းခြင်းနှင့် အဝတ်လျှော်ဖွတ်ခြင်း တို့သည်လည်း ကျန်းမာရေးအတွက် အရေးပါသော လုပ်ဆောင်မှုများ ဖြစ်သည့်အတွက် မပျင်းမရိ ပုံမှန်လုပ်ဆောင်ကြပါ။

■電車・バスを利用する場合

・整列乗車を心がけましょう。
・電車・バス内では大声で話さない、携帯電話を使用しないなどのマナーを守りましょう。

■宿舎内での注意事項

・宿舎内で大声で騒いだり、大きな音で音楽を聴いたりすると近隣の迷惑になります。
・トラブルになることもありますので、特に深夜の時間帯は注意しましょう。
・宿舎内は整理整頓を心がけ、定期的に掃除をするなどして清潔な環境を保ちましょう。
・調理中は換気に気をつけ、火の元を確認する習慣をつけましょう。
・調理器具、電気器具、ガス器具等は正しく使用しましょう。

(3) 健康に関する知識

①日本の風土・気候になれよう

日本には、春(3～5月)・夏(6～8月)・秋(9～11月)・冬(12～2月)の四季があります。地域によって違いますが、夏は30℃を超えてむし暑く、冬は寒く0℃以下になるところもあります。このような気温の変化には衣服で調節するなどして「暑さ」、「寒さ」対策を行ってください。

また、季節の変わり目は気温の変化が大きくなり体調を崩しがちになりますので、常日頃から規則正しい生活を心がけましょう。

②食事をしっかりとろう

日本の食事が口にあわないという人もいるでしょう。しかし、朝昼晩の食事を規則正しく取ることは、健康管理の基本です。日本食は日本の気候風土や生活に合った食事ですから、少しずつ慣れていきましょう。そして、時には母国の料理を作って技能実習生同士で食事をすることでリフレッシュしましょう。

毎日同じ食品や料理など偏った食事をしていると病気の原因にもなりますので、栄養のバランスを考えた食事をとりましょう。

③生活のリズム

睡眠を十分にとらないと集中力がなくなり、技能実習のみならず日常生活にも支障をきたしてしまいます。そうならないように朝は定時に起きて、規則正しい食事をして、日中は技能実習に励んだら夜はしっかりと睡眠を取りましょう。夜遅くまでパソコン、テレビ、携帯電話の画面を長時間見ていると眠れなくなってしまいますのでほどほどにしましょう。

規則正しい生活のリズムをつくり日本での生活に慣れるようにしましょう。

④衛生に気をつけよう

手洗い・うがいはかぜやインフルエンザの他に様々な感染症を予防するために効果的ですから、外出先から戻った場合は、手洗い・うがいを習慣にしましょう。

また、宿舎の掃除やシーツの取替え、ふとんの日干し、洗濯なども健康を維持するために重要なことですから、面倒がらずにこまめにしましょう。

၅ တိုင်ပင်ဆွေးနွေးနိုင်မည့်သူအား တွေ့အောင်ရှာပါ

သင့် အခက်အခဲများကို နားထောင်ပေးမည့်သူမှာ အလုပ်သင်တန်းတာဝန်ခံ၊ နေထိုင်မှုပုံစံလေ့ကျင့်ပေးသူနှင့် ဆွေး နွေး အတိုင်ပင်ခံတို့ပဲ ဖြစ်ပါသည်။ စိတ်ထဲ မတင်မကျစိုးရိမ်မှုများကို သေးသေးလေးဟု သဘောမထားပဲ ပြဿနာ မကြီးထွားလာမီ ဆွေးနွေးတိုင်ပင်ပြီး ကြိုစားဖြေရှင်းပါ။

ထို့အပြင် နေထိုင်မှု ပုံစံလေ့ကျင့်ပေးသူအပြင် အလုပ်သင်တန်းသားအချင်းချင်းနှင့် သင်တန်းခေါင်းဆောင်များတွင် မိမိအနေဖြင့် တိုင်ပင်နိုင်မည့်သူ ရှိပါကလည်း အဆင်ပြေစေပါသည်။

၆ ဂျပန်နိုင်ငံ နေထိုင်စားသောက်မှုနှင့် ယဉ်ကျေးမှု စသည်တို့အား လေ့လာပါ

သင့်တိုင်းပြည်တွင်သာရှိပြီး ဂျပန်နိုင်ငံတွင် မရနိုင်သည့်အရာများကိုသာ လိုချင်နေလျှင် စိတ်ဆန္ဒမပြည့်ဖမှများသာ ထပ်ထပ် ဖြစ်ပေါ်လာလိမ့်မည်။ ဂျပန်နိုင်ငံတွင်ရှိသည့် ဆော့ကစားခြင်း၊ အားကစားပြုလုပ်ခြင်း၊ ပွဲတော်များတွင် မိမိပါသနာနှင့် ကိုက်ညီ သည့်အရာများကို တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ပါက ပိုကောင်းပါသည်။

အထူးသဖြင့် အလုပ်သင်ဌာနနှင့် စီမံကွပ်ကဲရေးအဖွဲ့တို့မှ အေသရှိပျော်ပွဲရွှင်ပွဲများ၊ ကုသိုလ်ဖြစ်ပွဲများ၊ လူမှုရေးပွဲများတွင် ပူးပေါင်းပါဝင်ခွင့်ရအောင် ဆောင်ရွက်စီမံပေးလာလျှင် တက်တက်ကြွကြွပါဝင်ကာ ဒေသခံများနှင့် မိတ်ဆွေဖွဲ့ကြပါ။

ထို့နောက်အလုပ်သင်များအနေဖြင့်အလုပ်ပိတ်ရက်အားလပ်ရက်တွင်သူငယ်များနှင့်ဈေးဝယ်ထွက်ခြင်း၊ခရီးသွားခြင်းများပြုလုပ်ပြီး အပန်းဖြေအနားယူရန်လည်းလိုအပ်ပါသည်။ အလုပ်သင်များအနေဖြင့်သင်တန်းကာလနေထိုင်စဉ်အတွင်းရေမြေတောတောင်ပင်လယ်စသည့်သဘာဝအလှတရားများခံစားရန်အတွက်အလည်အပတ်သွားခြင်းများရှိကောင်းရှိနိုင်သည့်အတွက်ထိုအချိန်များ၌အလုပ်သင်တန်း၏တာဝန်ရှိသူအားခရီးအစီအစဉ်ကိုပြောကြားပြီးသဘာဝသားအန္တရာယ်စသည့်မတော်တဆမှုများမရှိစေရန်သေချာတိုင်ပင်ဆွေးနွေးပြီးခရီးအတွက်စနစ်တကျကြိုတင်ပြင်ဆင်ခြင်းများ၊အန္တရာယ်ရှိသောနေရာများ၊ရေမကူးရန်တားမြစ်ထားသောနေရာများ(အန္တရာယ်ကြိုတင်ကာကွယ်ရန်အတွက်ရေမကူးနိုင်သတ်မှတ်ထားသောနေရာများ) ရှိမရှိကိုမသွားခင်သေချာစွာစစ်ဆေးရှာဖွေခြင်းဖြင့်အထူးသတိပြုရန်လိုအပ်ပါသည်။

၇ ရောဂါနှင့်ကျန်းမာရေးပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှု

နေထိုင်မကောင်းခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိပါက စိတ်အေးချမ်းသာစွာ သွားရောက်ပြသနိုင်မည့် ဆေးရုံအား ကြိုတင်ရှာဖွေ ထားပါ။

ဘယ်အချိန် နေထိုင်မကောင်းဖြစ်မလဲ၊ ဒါဏ်ရာအနာတရဖြစ်မလဲဆိုတာ မသိနိုင်သည့်အတွက် ဆေးရုံဆေးခန်း ရောက်ချိန်တွင် မိမိ၏အကြောင်းကို ချက်ချင်းပြောပြနိုင်ရန် အမည်၊ မွေးသက္ကရာဇ်၊ လက်ရှိကုသမှုခံယူနေသည့် ရောဂါရှိမရှိ၊ လက်ရှိသောက်သုံးနေသည့်ဆေး ရှိမရှိ၊ အလက်ဂျစ်(ဆေးမတွဲ့အင်ပြင်ထခြင်း)ရှိမရှိ စသည်တို့ကို ရေးမှတ်ထားနိုင်ပါက ပိုကောင်းပါသည်။ (စာမျက်နှာ 126 ကိုကြည့်ပါ။)

(4) ဂျပန်နိုင်ငံတွင် အဆင်ပြေချောမွေစွာ နေထိုင်နိုင်ရန် မှတ်စုအတိုများ

၁ အရေးပေါ်အချိန်နှင့် မေးမြန်းနိုင်သည့် ဖုန်းနံပါတ်များ

အရေးပေါ်ဖုန်းနံပါတ်များ		မေးမြန်းနိုင်သည့် ဖုန်းနံပါတ်များ	
ရဲစခန်း	110 (အခမဲ့)	မိုးလေဝသခန့်မှန်းချက်	177 (ဖုန်းပြောခကျခံရမည်)
မီးသတ်နှင့် လူနာတင်ယာဉ်	119 (အခမဲ့)	စံတော်ချိန်	117 (ဖုန်းပြောခကျခံရမည်)
ဖုန်းလိုင်းပျက်ခြင်း	113 (အခမဲ့)	ဖုန်းနံပါတ်စုံစမ်းခြင်း	104 (ဖုန်းပြောခကျခံရမည်)

၂ နိုင်ငံခြားသို့ ဖုန်းခေါ်ဆိုနည်း

အောက်ပါ အစီအစဉ်အတိုင်း တကမ္ဘာလုံးအနှံ့ မည်သည့်နေရာနှင့်မဆို ဖုန်းဆက်သွယ်ခေါ်ယူနိုင်မည်။



ဥပမာ- ကေဒီဒီအိုင်ဖုန်းလိုင်းမှတဆင့် တရုတ်နိုင်ငံဖုန်းနံပါတ် ၀၁၂၃-၄၅၆၇ သို့ ခေါ်ဆိုမည်ဆိုပါက အောက်ပါ အစီအစဉ် အတိုင်း ခေါ်ဆိုရမည်။

*ဖုန်းကုမ္ပဏီအလိုက် နိုင်ငံခြားဖုန်း ခေါ်ဆိုရန် ကုတ်နံပါတ်များ

ကေဒီဒီအိုင် ကုမ္ပဏီ	001
ဆော့ဘန့်တယ်လီကွန်း ကုမ္ပဏီ	0061
အန်တီတီကွန်ယြူနီကေးရှင်း ကုမ္ပဏီ	0033

⑤相談相手を見つけよう

あなたの相談に乗ってくれるのが、技能実習指導員、生活指導員や相談員です。小さな不安は大きくならないうちに相談して、解決するようにしましょう。

また、生活指導員以外にも技能実習生仲間やリーダーなど相談できる人が見つけられるといいですね。

⑥日本の生活と文化等にふれよう

あなたの国にあって、日本に無いものばかりを求めると欲求不満がつのります。日本にある遊びやスポーツ、祭りなどで、あなたの興味のあるものに積極的に接すると良いでしょう。特に、実習実施者や監理団体が地域のイベントや慈善活動などの催しへの参加の機会を提供してくれる場合には、積極的に参加して、地域の人たちと交流を持ちましょう。

また、休日に仲間と買い物や旅行に出掛けて、リフレッシュすることも重要です。技能実習生として滞在中、山や海などの自然と触れることもあるかもしれませんが、その際には、あらかじめ実習実施者等の担当者に旅行の予定を伝えるとともに、遭難などの事故に遭わないよう、担当者と相談しながら、きちんと事前準備をする、遊泳禁止場所(危険防止のため泳ぐことができない場所)ではないかよく確認するなど、十分に注意してください。

⑦病気に備えて

病気やケガに備えて自分が安心して行ける病院を確認しておきましょう。

いつ病気になったり、いつケガにあうかわかりませんから、病院に行った際に自分の情報をすぐに伝えられるように、氏名、生年月日、現在治療中の病気の有無、現在服用中の薬の有無、アレルギーの有無などについて、メモしておくのがいいでしょう。(127ページ参照)

(4) 日本の生活便利メモ

①緊急時、生活情報の電話番号

緊急時の電話番号		生活情報の電話番号	
警察	110（無料）	天気予報	177（有料）
火事・救急車	119（無料）	時報	117（有料）
電話の故障	113（無料）	電話番号調べ	104（有料）

②国際電話のかけかた

電話番号は次の順序でかけると、世界中のどこにでもつながります。

例: KDDIを使用した場合、中国の0123-4567番にかける時には、次のようになります。

※国際電話申込番号の例

KDDI（株）	001
ソフトバンクテレコム(株)	0061
NTTコミュニケーションズ(株)	0033

* နိုင်ငံခြားဖုန်းခေါ်ဆိုရန် နိုင်ငံအလိုက်ကိုယ်စားပြုနံပါတ်များ

နိုင်ငံအမည်	နိုင်ငံကိုယ်စားပြုကုတ်နံပါတ်	နိုင်ငံအမည်	နိုင်ငံကိုယ်စားပြုကုတ်နံပါတ်
ဂျပန်	81	ထိုင်း	66
ဗီယက်နမ်	84	ကမ္ဘောဒီးယား	855
တရုတ်	86	မြန်မာ	95
အင်ဒိုနီးရှား	62	မွန်ဂိုလီ	976
ဖိလစ်ပိုင်	63	လာအို	856

၃ နိုင်ငံခြား စာပို့ခ(လေယာဉ်ဖြင့်)

နယ်မြေ		ဇုံအမှတ် 1	ဇုံအမှတ် 2	ဇုံအမှတ် 3
နယ်မြေအမည်		အာရှနိုင်ငံများ - တရုတ် - ဖိလစ်ပိုင် - အင်ဒိုနီးရှား - ထိုင်း - ဗီယက်နမ်	အိုရှိုးနီးယား အရှေ့အလယ်ပိုင်း မြောက်အမေရိက အလယ်ပိုင်းအမေရိက ဥရောပ	အာဖရိက တောင်အမေရိက
စာ	25 ဂရမ် အထိ	ယန်း 90	ယန်း 110	ယန်း 130
(သတ်မှတ်အရွယ်ပါဆယ်ထုပ်)	50 ဂရမ် အထိ	ယန်း 160	ယန်း 190	ယန်း 230
ပို့စကတ်		ယန်း 70		

၄ ပြည်ပသို့ ငွေလွှဲခြင်း

ဂျပန်နိုင်ငံမှ ပြည်ပသို့ ငွေလွှဲခြင်းကို ဥပဒေအရ မြို့ပြဘဏ်နှင့် အကြီးစားဘဏ်(ဥပဒေအရ ငွေလွှဲလိုင်စင် ရထားသော ကုမ္ပဏီများပါဝင်)များသာ လုပ်ကိုင်ခွင့်ရှိသည်။ ယင်းဥပဒေသည် ပြည်ပသို့ တရားမဝင်ငွေလွှဲခြင်းအား ကာကွယ်တားဆီးသည့် ဥပဒေဖြစ်သည်။ ပြည်ပသို့ ငွေလွှဲလိုပါက ပတ်စပို့စာအုပ်ပြ၍ ကာယကံရှင် မှန်ကန်ကြောင်း အစစ်ဆေးခံရမည်။

အလုပ်သင်များအနေဖြင့် မိမိနိုင်ငံသို့ ငွေပို့လိုပါက အထက်ဖော်ပြပါ ဘဏ်များမှတဆင့် ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ဘဏ်နှင့် လိုင်စင်ရ ကုမ္ပဏီမဟုတ်သော အခြားနေရာမှ ငွေလွှဲပါက ဥပဒေအရ ပြစ်ဒဏ်ပေးခြင်း ခံရမည်ဖြစ်သည်အတွက် တရားမဝင် ငွေလွှဲခြင်းကို လုံးဝမပြုလုပ်ကြရန်လိုအပ်ပါသည်။

22. ကိုယ်ပိုင်နံပါတ်စနစ်၊ ကိုယ်ပိုင်နံပါတ်ကဒ်

၁ ကိုယ်ပိုင်နံပါတ်စနစ်

ဆိုသည်မှာဂျပန်နိုင်ငံသို့ရောက်ရှိပြီးနေထိုင်ရမည့်နေရာသတ်မှတ်ပြီးဝင့်ရက်အတွင်းနေထိုင်ရာရပ်ကွက်(သို့)မြို့နယ်ရုံးသို့သွားရောက်ပြီး ရွှေ့ပြောင်းနေထိုင်ကြောင်းအကြောင်းကြားစာပေးပို့ရမည်ဖြစ်သည်။ ထိုကဲ့သို့အကြောင်းကြားပြီးနောက်စာရင်းသွင်းမှတ်ပုံတင်ပြီးနေထိုင်ကြောင်း ထောက်ခံစာ(ဂျူးမင်းဟရော၊ အိမ်ထောင်စုစာရင်း) ပြုလုပ်ပေးမည်ဖြစ်ပြီး တစ်ခါတည်း ဂဏန်း ၁၂လုံးပါသည့် ကိုယ်ပိုင်နံပါတ်ကိုသတ်မှတ်ပေးမည်ဖြစ်သည်။ (ကိုယ်ပိုင်နံပါတ်သည် လူတစ်ဦးချင်းအလိုက် ကွဲပြားသည်။)

- ကိုယ်ပိုင်နံပါတ်မှာ အထူးသဖြင့် အောက်ပါအခြေအနေမျိုးတွင် လိုအပ်သည်။
  ၁ ပင်စင်၊ ကလေးပြုစုထောက်ပံ့ရန် ခံစားခွင့်၊ ဆေးဝါးကုသရေးဝန်ဆောင်မှုကို ရယူသည့် အခါ
  ၂ ဘဏ်တွင် အကောင့်ပြုလုပ်မည့် အချိန်။
  ၃ နိုင်ငံခြားသို့ ငွေလွှဲသည့်အချိန်။ ထို့နောက် နိုင်ငံခြားမှ ငွေကို လက်ခံရယူမည့်အချိန်။
  ၄ အလုပ်စတင်လုပ်ကိုင်သည့် အချိန်။
- သင်သည် ကိုယ်ပိုင်နံပတ်ကို တင်ပြသည့်အချိန်တွင်
  (က။) ထိုနံပါတ်မှာ အမှန်တကယ် သင့်နံပါတ် ဟုတ်လား မဟုတ်လား
  (ခ။) သင်၏ ပတ်စပို့စသည့် မျက်နှာပုံပါသော အထောက်အထားလက်မှတ်နှင့် တူညီမှု ရှိလား မရှိလား ဆိုတာကို စစ်ဆေးပါမည်။ ထို့ကြောင့် သင်၏ ကိုယ်ပိုင်နံပါတ်ကို အခြားမည်သူမှ အသုံးပြု၍ မရနိုင်ပါ။

※国際電話の国番号の一例

国名	国番号	国名	国番号
日本	81	タイ	66
ベトナム	84	カンボジア	855
中国	86	ミャンマー	95
インドネシア	62	モンゴル	976
フィリピン	63	ラオス	856

③国際通常郵便料金（航空便）

地域		第1地域	第2地域	第3地域
地域名		アジア ・中国 ・フィリピン ・インドネシア ・タイ ・ベトナム　など	オセアニア 中近東 北米 中米 欧州	アフリカ 南米
手紙	25gまで	90円	110円	130円
（定型）	50gまで	160円	190円	230円
郵便はがき		70円均一		

④海外送金について

日本から海外への送金は、法律により都市銀行をはじめとした銀行等（法律により送金業務が認められている事業会社を含む）にのみ認められています。これは不正に海外へ資金が送金されることを防ぐための法律です。海外送金の際には必ずパスポート等による本人確認が行なわれます。

あなた（技能実習生）が母国に海外送金をする場合は、必ず上記の銀行等から送金をする必要があります。銀行等以外から海外へ送金をした場合は、法律により処罰されることになりますので絶対にしないで下さい。

22. マイナンバー制度・マイナンバーカード



1 マイナンバー制度とは

技能実習生は、来日後、日本国内に住所を定めてから14日以内に市区町村の窓口に「転入届」を提出しなければなりません。届出後「住民票」が作成され、同時に12桁の「マイナンバー（個人番号）」が決まります。（マイナンバーは１人ずつ異なります）。

・マイナンバーは、主に次の場合に必要です。
①年金・子育ての手当、医療サービスを受けるとき
②銀行で口座をつくるとき。
③海外にお金を送るとき。また、海外からお金を受け取るとき。
④働き始めるとき。

・あなたがマイナンバーを提示するときは、
(A)その番号が、本当にあなたのマイナンバーなのか
(B)あなたがパスポートなど顔写真つき証明書の人と本当に同じ人なのかを確認します。ですから、あなたのマイナンバーを他の人がなりすまして使うことはできません。

